မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်၊ ၂၀၀၈ခုနှစ်၊ မတ် ၂၇ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၇)၊ အမှတ် (၁၇၉)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဘယ်လ်ဂျီယံနိုင်ငံ ဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၂၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ ဘယ်လ်ဂျီယံနိုင်ငံ ဝန်ကြီးချုပ်အဖြစ် ၂၀၀၈ခုနှစ် မတ် ၂၀ ရက်တွင် စတင်တာဝန်ထမ်းဆောင်သူ မစ္စတာ အိုက်ဗ်စ် လီတန်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ပါကစ္စတန်နိုင်ငံ ဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၂၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ ပါကစ္စတန်အစ္စလာမ္မစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော မစ္စတာ ဆာအိဒ် ယူဆွတ်ရာဇာဂီလာနီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်) ပင်မအဝင်မုခ်ဦးကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

သဘာဝအလှအပများဖြင့် ပသာဒစုံလှသည့် တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်) ဖွင့်လှစ်

ပြည်တွင်းပြည်ပခရီးသွားများ ဝင်ရောက်အနားယူလေ့လာနိုင်ရန် သဘာဝအိုအေစစ်သဖွယ် စီမံထား

ကမ္ဘာ့ရှားပါးတိရစ္ဆာန်များဖြစ်သည့် ပင်ဂွင်ငှက်၊ ကျားဖြူနှင့် သားပိုက်ကောင်များပါ ပြသထား

နေပြည်တော် မတ် ၂၆

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးသည် ယနေ့နံနက် ၈ နာရီခွဲက ရန်ကုန်–မန္တလေး ကားလမ်းမကြီး၏ အရှေ့ဘက် ရေဆင်းဆည်အနီး၌ သစ်တောရေးရာဝန်ကြီးဌာန၏ စီမံဆောင်ရွက်မှုဖြင့် တည်ဆောက်ပြီးစီးသွားသော တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး အဝင်မုခ်ဦးကို စက်ခလုတ်နှိပ်ကာ ဖွင့်လှစ်ပေးသည်။

တက်ရောက်

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ စာရင်းစစ်ချုပ်၊ ဒုတိယဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ အစိုးရအဖွဲ့ရုံးနှင့် ပြည်သူ့လွှတ်တော်ရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်များအဖွဲ့နာယက ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး H.E.Mr. Hul Phany နှင့် သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ စစ်သံမှူးများ၊ ပြည်တွင်းရှိ နိုင်ငံခြားသတင်းဌာနများမှ သတင်းထောက်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ သစ်တောရေးရာဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းများမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✡

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် မတ် ၂၇ ရက်)

ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ထွန်းရေး တပ်မတော်နှင့်ပြည်သူ လက်တွဲကြိုးပမ်းဆောင်ရွက်

၂၀၀၈ခုနှစ် မတ်လ ၂၇ရက်နေ့ (ယနေ့)သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၃)နှစ်မြောက် တပ်မတော်နေ့ဖြစ်သည်။ တပ်မတော်သည် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့်အတူ စတင်ပေါက်ဖွားခဲ့ပြီး ပြည်သူတို့၏ ရင်နှစ်သည်းချာများဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ နိုင်ငံနှင့်လူမျိုးအတွက် အသက်၊ သွေး၊ ချွေးတို့ကို ရင်းနှီးပေးဆပ်ကာ နိုင်ငံ့လွတ်လပ်ရေးကို အရယူပေးခဲ့သည်။

တပ်မတော်သားအပေါင်းတို့သည် သစ္စာလေးချက်ကို အဓိကဆွဲကိုင်ထားကြသည်။ တပ်မတော်သည် နိုင်ငံတော်တွင် အခက်အခဲ အကျပ်အတည်းအမျိုးမျိုးနှင့် ရင်ဆိုင်ကြုံတွေ့ရတိုင်း ပြည်သူရှေ့မှ မားမားမတ်မတ် ရပ်တည်ပေးလျက်ရှိသည်။ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏သစ္စာကို အမြဲစောင့်သိရိုသေပြီး အမျိုးသားရေးကို ဘယ်တော့မှ သစ္စာမဖောက်သည့် မျိုးချစ်တပ်မတော်ပင် ဖြစ်သည်။

ဒို့တာဝန်အရေးသုံးပါးကို ထာဝစဉ် ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော်အဖြစ် တည်ဆောက်လျက်ရှိသည်။ တစ်ချိန်တည်းမှာပင် တပ်မတော်၏ အဓိကတာဝန်ကြီးသုံးရပ်ဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်တို့ကိုလည်း ဦးလည်မသုန် ထမ်းရွက်လျက်ရှိသည်။

ခေတ်အဆက်ဆက် နိုင်ငံတော်ကို စွန့်လွှတ်စွန့်စားကာကွယ်စောင့်ရှောက်ခဲ့သော တပ်မတော်သည် ယနေ့အချိန်အခါတွင် နိုင်ငံတော်၏ အမျိုးသားရေးအကျိုးစီးပွားနှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အသက်အိုးအိမ်စည်းစိမ် လုံခြုံရေးအတွက် ဆက်လက်ကာကွယ်စောင့်ရှောက်လျက်ရှိသည်။

ယနေ့တပ်မတော်သည် တိုင်းပြည်၏ လိုအပ်ချက်လုပ်ငန်းတာဝန်များကိုသာမက ရေရှည်အကျိုးအတွက် အခြေချဆောင်ရွက်ပေးရမည့် ပြုပြင်ပြောင်းလဲရေး တာဝန်များကိုပါ သိမ်မွေ့နက်နဲစွာ ထမ်းဆောင်နေပေသည်။

သို့ဖြစ်ရာ သမိုင်းအစဉ်အလာကောင်းခဲ့သည့် တပ်မတော်သည် အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်သစ်ပေါ်ထွန်းရေး ပြည်သူနှင့်အတူ လက်တွဲပူးပေါင်းဖော်ဆောင်ရင်း နိုင်ငံတော်ကာကွယ်ရေး၊တည်ဆောက်ရေးနှင့် ပြည်သူ့အကျိုးပြု လုပ်ငန်းများတွင် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်မြတ်ကြီး၏ ထီးတော်သစ်ကြီး တင်လှူပူဇော်ရန်အတွက် ဒေါ်ညွန့်အေးအား ရည်စူး၍ အမှတ် ၁၃၅/၈ ရန်ကင်းမြို့နယ်နေ ဗိုလ်မှူးဝင်းဌေး-ဒေါ်လီလီစိုး မိသားစုက အလှူငွေကျပ်ငါးသိန်း ခန့်တန်ဖိုးရှိ ရွှေထည်ပစ္စည်းများကို လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးခင်မောင်အေး၊ ဦးစောကြိုင်နှင့် ဦးလှမင်းတို့က လက်ခံယူပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတ ဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် တောင်ဘက်စောင်းတန်းကြီး တည်ဆောက်ရန်အတွက် မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီ မြို့သစ်မဟာဗန္ဓုလလမ်း ၁/၂၀၉-၂၁၀နေ နှစ်ဖက်သောမိဘများအား အမှူးထားလျက် ဦးဝင်းသိန်း-ဒေါ်လှလှဝေ၊ သမီး မခိုင်ဦးဇင်၊ မခိုင်ဆုနွယ်၊ မဖြူသိန်းထက်မိသားစုက ငွေကျပ်တစ်သိန်းလှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးသိန်းထွန်းနှင့်ဦးအေးမြင့်တို့ လက်ခံယူစဉ်။ (က-ပ)

လှော်ကားဥယျာဉ် အချိန်တိုးမြှင့် ဖွင့်လှစ်မည်

ရန်ကုန် မတ် ၂၆

သစ်တောဦးစီးဌာန လှော်ကားဥယျာဉ်ကို နေ့စဉ် ပုံမှန် နံနက်၈နာရီမှ ညနေ ၄နာရီအထိသာ ဖွင့်လှစ်ထားသော်လည်း မတ် ၂၇ရက် (တပ်မတော်နေ့)တွင် အများပြည်သူများ ပျော်ရွှင်ချမ်းမြေ့စွာ အပန်းဖြေအနားယူနိုင်ရန် နံနက် ၈နာရီမှ ညနေ ၅ နာရီအထိ အချိန်တိုးမြှင့် ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျိုက္ကလော့ မိုးကုတ်ရိပ်သာ တရားစခန်းပွဲ

ရန်ကုန် မတ် ၂၆

မင်္ဂလာဒုံမြို့နယ် ကျိုက္ကလော့ ပရိယတ္တိ စာသင်တိုက် မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ၌ ဆရာတော် ဘဒ္ဒန္တ ဒေါက်တာစန္ဒာဝရာဘိဝံသ ဦးစီး၍ ကျင်းပသော သင်္ကြန်တွင်း မိုးကုတ် ဝိပဿနာ ၁၀ရက် တရားစခန်းပွဲကို ဧပြီ ၈ရက်မှ စတင်၍ ကျင်းပသွားမည်ဖြစ်ရာ တရားစခန်းဝင်လိုသူ ယောဂီများသည် ဧပြီ ၇ရက် ညနေ ၅နာရီ နောက်ဆုံးထား၍ လာရောက်ကြရန်နှင့် ဆွမ်းဆက်ကပ်လှူဒါန်းလိုသူများ ဖုန်း-၀၉-၈၀-၂၁၁၁၃၊ ၀၉-၅၁-၀၅၆၆၅၊ ၆၃၅-၆၃၂တို့သို့ ဆက်သွယ်ကြရန် နှိုးဆော်ထားသည်။

တရားအလုပ်ချိန်များ၌ ယောဂီဝတ်စုံကိုသာ အမြဲတမ်းဝတ်ဆင်ကြရမည်ဖြစ်ကြောင်းနှင့် အသက် ၁၅ နှစ်အထက် ယောဂီများကိုသာ လက်ခံမည်ဟုသိရသည်။ (က-ပ)

မြောင်းမြမြို့နယ်အသင်း(ရန်ကုန်) ဆွမ်းဆန်စိမ်းလောင်းလှူမည်

ရန်ကုန် မတ် ၂၆

မြောင်းမြမြို့နယ်တွင် နှစ်စဉ်ကျင်းပသော မြို့နယ် လုံးကျွတ်သံဃာဒါန ဆွမ်းဆန်စိမ်းနှင့်ပဒေသာပင် လောင်းလှူပူဇော်ပွဲကို မြန်မာနှစ်ဆန်းတစ်ရက် (ဧပြီ၁၇ရက်) ညနေပိုင်း၌ ကျင်းပမည်ဖြစ်သည်။

ဆုံစည်းမည်

ရန်ကုန်မြို့ရောက် မြောင်းမြမြို့နယ်သူမြို့နယ်သားများအား ယခင်နှစ်များကဲ့သို့ ပဒေသာတစ်ပင်လျှင် ကျပ်ငါးထောင်နှုန်းဖြင့် လှူဒါန်းရန် အသင်းမှ စီစဉ်ထားသည်။ မြောင်းမြမြို့သို့ သွားရောက်ရေးကို မိမိတို့အစီအစဉ်ဖြင့် ဧပြီ ၁၃ရက်၌ သွားရောက်ကြရန်နှင့် နှစ်ဆန်းတစ်ရက် (ကြာသပတေးနေ့)ဆွမ်းကြီးလောင်းလှူပွဲနေ့၌ မြောင်းမြမြို့ ၄လမ်း အလှူခံဗဟိုမဏ္ဍပ်၌ စုရပ်အဖြစ် ပြန်လည်ဆုံစည်းနိုင်သည်။

လှူဒါန်းလိုသူများသည် ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး ဝင်းကြည်(ငြိမ်း) ဖုန်း-၅၇၃၀၇၄၊ ဒုတိယ ဥက္ကဋ္ဌများ ဦးမျိုးကြည် ဖုန်း - ၅၇၈၆၃၈၊ ဦးသန့်ဇင် ဖုန်း-၂၂၅၃၇၅၊ ဒုတိယဗိုလ်မှူးကြီးသက်စိုး(ငြိမ်း) ဖုန်း-၆၃၈၂၂၅၊ ဒေါ်ရီရီဝင်း ဖုန်း-၂၅၁၃၂၃၊ အတွင်းရေးမှူး ဦးလှဖေ ဖုန်း-၂၂၁၄၁၉၊ တွဲဖက်အတွင်းရေးမှူးများ ဦးစန်းရွှေ ဖုန်း-၃၈၉၂၆၅၊ ဒေါ်သန်းသန်းနွယ် ဖုန်း-၆၆၂၀၈၆၊ ဦးခင်မောင်အေး ဖုန်း-၂၉၁၃၇၉၊ ဒေါ်ရီရီသိန်း ဖုန်း-၇၀၃၆၆၅နှင့် ဘဏ္ဍာရေးမှူး ဒေါ်သန်းမြင့် ဖုန်း-၅၂၆၁၆၈တို့သို့ ဧပြီ ၁၀ရက် နောက်ဆုံးထား၍ ပေးပို့လှူဒါန်းနိုင်သည်။ မြောင်းမြမြို့နယ်အသင်း (ရန်ကုန်)၏ သင်္ကြန်ပွဲတော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲ၊ ထောက်ပံ့ကြေးပေးအပ်ပွဲနှင့် Top Ten ဆုချီးမြှင့်ပွဲများကို ဧပြီလအတွင်း ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၂၇-၃-၂၀၀၈ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၂၀	၃။	အမျိုးသားရေးတေးကဗျာ
၄း၃၀	၄။	မြန်မာသံစဉ်ချိုနားဝင်
၄း၄၅	၅။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၄း၅၀	၆။	အမျိုးသားရေးတေးကဗျာ
၅း၂၀	၇။	ရွှင်ကြည်ပြုံးစရာတေးကဗျာ
၅း၃၀	၈။	မြတ်နိုးကြစေ အမျိုးသားအမွေ
၅း၄၅	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။	နိုင်ငံတကာသတင်း
၆း၂၀	၁၂။	ကာတွန်းအစီအစဉ် **ငါးကလေးရဲ့စွန့်စားခန်း** (အပိုင်း-၃၄)
၆း၃၅	၁၃။	အမျိုးသားရေးတေးကဗျာ
၆း၄၀	၁၄။	လျှပ်တစ်ပြက်
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပုံရိပ်ပမာ** (အပိုင်း-၈၄)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	ကုန်သွယ်သုတ
	၂၀။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
	၂၁။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဘဝဇာတ်ခုံ** (အပိုင်း-၄)

မှော်ဘီမြို့နယ် သင်္ကြန်တွင်း အဓိဋ္ဌာန် တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၂၆

မွန်ပြည်နယ် မုဒုံမြို့နယ် မြို့မ(၄)ရပ်ကွက်ရှိ ရေတောင်တောရဘုန်းတော်ကြီးသင်ပညာရေး မူလတန်းလွန်ကျောင်းမှ ကျောင်းအုပ် ပဓာနနာယက ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဝရ၏ သင်္ကြန်တွင်း အဓိဋ္ဌာန် ခုနစ်ရက်တရားစခန်း သင်ကြားပို့ချမှုကို ဧပြီ ၁၂ရက် ည၇နာရီတွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး ဧပြီ၁၈ရက်အထိ အဓိဋ္ဌာန်ပြုပွဲ ကျင်းပသွားမည်ဖြစ်သည်။ အဓိဋ္ဌာန်ပြုလိုသူများသည် ဆရာတော်ဘဒ္ဒန္တပညာဝရ ဖုန်း-၀၅၇-၇၀၈၃၆ သို့ မည်သူမဆို စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

လွှဲပြောင်းပေးအပ်

ထိုင်းနိုင်ငံ တိရစ္ဆာန်များ ဥယျာဉ်အဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Wisid Wichasilpa ပင်ဂွင်ငှက်တစ်စုံနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်ထံ လွှဲပြောင်းပေးအပ်စဉ်။

(သတင်းစဉ်)

တပ်မတော်နေ့ သန္နိဋ္ဌာန်

ဘယ်သူခွဲခွဲ၊ ဒို့မကွဲခဲ့
ဘယ်သူဖျက်ဖျက်၊ ဒို့မပျက်ခဲ့
ဘယ်သူခြောက်ခြောက်၊ လက်မမြှောက်ခဲ့
တပ်မတော်ဖြိုခွဲသူ၊ ဒို့ရန်သူ
သွေးခွဲလာသူ ဒို့ရန်သူ။

ရေဆန်လေထန်၊ မုန်တိုင်းသန်လည်း
မျိုးမာန်မချ၊ ဇွဲလုံ့လဖြင့်
နိုင်ငံသစ်ဆီ၊ ဦးတည်ချီမည်
ပြည်သူလက်တွဲ ဒို့အောင်ပွဲမို့။

မုသာဝါဒ၊ မိုးလုံးမွှန်နှင့်
ရေခြားမြေခြား၊ ပေါက်ပန်းစားတို့
ရေခံမြေခံ၊ မရင့်သန်သည့်
ပြည်ပအားကိုး၊ ပုဆိန်ရိုးတို့
စကားတင်းဆို၊ အဖျင်းပိုလည်း
မျက်ထားမသို တုံ့မယူလိုပါ။

မကြောက်တရား၊ နှလုံးသားဖြင့်
မဖောက်မပြား၊ ကျောက်စိုင်သားသို့
လားလားမယိုင်၊ ကျောက်စာတိုင်နှယ်
မတုန်မလှုပ် ကျောက်ဆစ်ရုပ်။

လမ်းသစ်လည်းဖောက်၊ ကျီသစ်ဆောက်၍
တိုင်းကားပြည်ရွာ၊ အေးချမ်းသာပြီ
ပြည်သူ့အောင်ပွဲ ဒို့အောင်ပွဲ။

ဥပဒေပြု၊ ပြည်ထောင်စုသို့
ဦးဆောင်ချီတက်၊ အောင်ပွဲဆက်လျက်
ရေကိုခြားလည်း အကြားမထင်
လေကိုဖြတ်လည်း အပြတ်မမြင်။

နိုင်ငံတော်အရေး၊ သမိုင်းပေး၍
အေးချမ်းသာယာ၊ ပြည်မြန်မာသို့
စည်ပင်ဖွံ့ဖြိုး၊ ဂုဏ်ဆင့်တိုးဖို့
လမ်းပြမြေပုံ စိတ်လုံးခြုံသည်
တွဲလျက်မပျက် ခရီးဆက်အံ့။

စေတနာမှန်၊ အရင်းခံဖြင့်
အောင်ပန်းတစ်ရာ၊ အောင်ပွင့်ဖြာလို့
အောင်လံကိုလွှင့်၊ အောင်မာန်မြှင့်၍
အောင်စည်အောင်မောင်း၊ အောင်စေကြောင်းတွက်
အောင်ပြီအောင်ပြီ အောင်သံချီလျက်။

ကျောက်တရထည် ဇာနည်နှလုံး
လက်ရုံးလွှသွား စစ်ယောကျ်ားတို့
ငွားငွားစွင့်စွင့် အောင်ပန်းပွင့်လျက်
အောင်မြန်မာပြည် အောင်နိမိတ်ဆီသို့
ဦးတည်ချီတက်မည့် အောင်တပ်မတော်။ ။

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုလျက်–

ဒေါက်တာရွှေပြည်စိုး
(မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်)

တက်ရောက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်များအဖွဲ့ နာယက ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး H.E. Mr. Hul Phany နှင့် သံအမတ်ကြီးများ၊ သံရုံး ယာယီတာဝန်ခံများ၊ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ စစ်သံမှူးများ၊ ပြည်တွင်းရှိ နိုင်ငံခြားသတင်းဌာနများမှ သတင်းထောက်များ တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြစဉ်။

(သတင်းစဉ်)

✡ ရှု.ဖုံးမှ

ရှေးဦးစွာ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးသည် တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော သံအမတ်ကြီးများနှင့် စစ်သံမှူးများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် ဂီတစာဆို ဗိုလ်ကလေးတင့်အောင် ရေးစပ်သီကုံးသည့် "ဖွင့်ပွဲဂုဏ်ပြုတေးသီချင်း"ကို စန္ဒရား မောင်လှအေး တေးဂီတအဖွဲ့နှင့်တွဲဖက်၍ တေးသံရှင်များက ဂုဏ်ပြုသီဆိုကြသည်။

ရှင်သန်ပေါက်ဖွား

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးက အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံသည် သဘာဝက ဖန်တီးပေးထားသော ရေ၊ မြေ၊ တော၊ တောင်၊ သယံဇာတများ ပေါကြွယ်ဝစွာရှိမှုကို သဘာဝအတိုင်း အမြဲမပြတ် ကာကွယ်ထိန်းသိမ်းထားရှိနိုင်ခြင်းကြောင့် ဂေဟစနစ်အမျိုးမျိုးမှ ရှင်သန်ပေါက်ဖွားလာသည့် ဇီဝမျိုးစုံ မျိုးကွဲများဖြင့် ကြွယ်ဝလှသော နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း။

ကမ္ဘာလောကကြီးအတွင်း သဘာဝက ထူးခြားစွာဖန်တီးပေးထားမှုကြောင့် သက်ရှိနှင့် သက်မဲ့၊ လူနှင့်တိရစ္ဆာန် ဒွန်တွဲဖြစ်ပေါ်ကာ အပြန်အလှန် အကျိုးပြုဖြစ်တည်ခဲ့သည်မှာ ကမ္ဘာဦးအစမှ ယနေ့တိုင်အောင်ဖြစ်ကြောင်း၊ လူတို့က တိရစ္ဆာန်များကို မွေးမြူကာ ယဉ်ပါးအောင်ဆောင်ရွက်ပြီး မိမိတို့၏ လယ်ယာလုပ်ငန်းများတွင် ထွန်ယက်စိုက်ပျိုးခြင်း၊ ဝန်နှင့် ပစ္စည်းများကို တစ်နေရာမှ တစ်နေရာသို့ သယ်ယူပို့ဆောင်ခြင်း စသည့် လုပ်ငန်းများတွင် အကျိုးရှိစွာ အသုံးချခဲ့သည်ကို ကမ္ဘာ့နိုင်ငံများနည်းတူ မိမိတို့နိုင်ငံတွင်လည်း ရှေးနှစ်ပေါင်းများစွာကတည်းက အလေ့အကျင့်များ ရှိခဲ့ပြီးဖြစ်ကြောင်း။

အပန်းဖြေ

ယနေ့ နိုင်ငံတကာတွင် မိမိတို့၏ နိုင်ငံရှိ ရေ၊ မြေ၊ တော၊ တောင်များကို အခြေခံပြီး သဘာဝသစ်ပင်ပန်းမန်များ၏ အလှကို ခံစားနိုင်သကဲ့သို့ တိရစ္ဆာန်များ၏ အမူအကျင့်များကို မိမိတို့နိုင်ငံသားများသာမက ကမ္ဘာလှည့်ခရီးသည်များပါ လေ့လာနိုင်စေရန်အတွက် တိရစ္ဆာန်ဥယျာဉ်များကို ဘက်စုံအပန်းဖြေလေ့လာရေး ဥယျာဉ်ကြီးများအဖြစ် ဖန်တီးလျက်ရှိကြကြောင်း။

နိုင်ငံတော်အစိုးရက နိုင်ငံသူ နိုင်ငံသားများ ကျန်းမာသန်စွမ်းပြီး အမြဲတမ်းစိတ်နှလုံးကြည်လင် အေးချမ်းလန်းဆန်းတက်ကြွနေမှသာ မိမိအကျိုး၊ နိုင်ငံ့အကျိုးကို ထာဝစဉ် သယ်ပိုးထမ်းရွက်နိုင်မည်ဖြစ်သည်ဆိုသည်ကို ခံယူထားရှိသည်နှင့်အညီ နိုင်ငံ့တာဝန်ကို စတင်ယူခဲ့သည့်အချိန်ကတည်းက စပြီး ရပ်ရွာအေးချမ်းသာယာရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ခဲ့ရာတွင် နိုင်ငံအဝန်းမြို့ရွာဒေသများတွင် ပြည်သူများ အပန်းဖြေနိုင်ရန် ဥယျာဉ်၊ ပန်းခြံများကို တိုးချဲ့တည်ဆောက်ပေးခဲ့ကြောင်း။

ဘက်စုံအဆင့်မြှင့်တင်

ယင်းကဲ့သို့ တိုးချဲ့တည်ဆောက်ရာတွင် သဘာဝကိုအခြေခံသည့် ခရီးသွားအပန်းဖြေလုပ်ငန်းများအနက် ပြင်ဦးလွင် အမျိုးသားဥယျာဉ်ကို နိုင်ငံတကာအဆင့်မီ အဆင့်မြှင့်တင်ဆောင်ရွက်ပေးခဲ့သကဲ့သို့ ပုပ္ပားတောင် အမျိုးသားဥယျာဉ်၊ လောကနန္ဒာဘေးမဲ့ဥယျာဉ်၊ အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်နှင့် ရန်ကုန်မြို့ရှိ ကန်တော်ကြီးနှင့် တိရစ္ဆာန်ဥယျာဉ်တို့၏ ဘက်စုံအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ခဲ့ကြောင်း။

တိရစ္ဆာန်ဥယျာဉ်များ၏ ဖြစ်တည်မှုကို ပြန်လည်လေ့လာလျှင် တိရစ္ဆာန်များကို လူအများကြည့်ရှုနိုင်အောင် လေ့ကျင့်ပြသမှုများကို ရောမခေတ်ကနေ စတင်အခြေတည်ခဲ့သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် ဥရောပနိုင်ငံများတွင် တိရစ္ဆာန်ဥယျာဉ်များ စတင်ထူထောင်ရန် ကြိုးစည်ဆောင်ရွက်ခဲ့ကြပြီး အနောက်ဥရောပ၊ လန်ဒန် တိရစ္ဆာန်ဥယျာဉ်အဖွဲ့ကို ၁၈၂၈ ခုနှစ်တွင် တည်ထောင်ခဲ့သည်ဟု လေ့လာသိရှိရကြောင်း။

စီးပွားဖြစ်ဆောင်ရွက်

ယခုကဲ့သို့ တည်ထောင်ခဲ့ရာမှ ၁၉၅၀ ပြည့်နှစ်နောက်ပိုင်းတွင် လူထုအပန်းဖြေရန်၊ ပညာပေးရန်၊ သိပ္ပံနှင့် သုတေသနဆောင်ရွက်ရန် စသည့် ရည်ရွယ်ချက်များဖြင့် တိရစ္ဆာန်ဥယျာဉ်များ ကမ္ဘာနှင့်အဝန်း တည်ထောင်လာခဲ့ရာ တိရစ္ဆာန်ဥယျာဉ်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် ပိုမိုတိုးတက်အောင် ဆောင်ရွက်လာနိုင်ခဲ့ကြကြောင်း၊ တစ်နေ့ထက်တစ်နေ့ နည်းပညာ တိုးတက်မြင့်မားလာသည်နှင့်အမျှ တိရစ္ဆာန်ဥယျာဉ်များကိုလည်း အခြေခံအဆောက်အအုံမှသည် တိရစ္ဆာန်လိမ္မာများ ပြသနိုင်သည်အထိ စီးပွားဖြစ်ဆောင်ရွက်လာသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

ယခုအခါ တစ်ကမ္ဘာလုံးတွင် တည်ထောင်ထားသည့် တိရစ္ဆာန်ဥယျာဉ်ပေါင်း ၁၂၀၀ ခန့်တွင် အာရှတိုက်က တစ်ဝက်ခန့်ရှိပြီး မိမိတို့နိုင်ငံက ရန်ကုန်တိရစ္ဆာန်ဥယျာဉ်သည် နှစ်ပေါင်း ၁၀၀ ကျော်ကြာ သက်တမ်းရှည်ကြာခဲ့သဖြင့် ကမ္ဘာ့သက်တမ်းရှည် ရှားပါးတိရစ္ဆာန်ဥယျာဉ်ဖြစ်သဖြင့် ဝမ်းမြောက်ဂုဏ်ယူကြရမည်ဖြစ်ကြောင်း။

လမ်းခင်းပေးနေ

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကို မည်သည့်ခေတ်ကာလနှင့်မျှ မတူဘဲ နိုင်ငံတော်၏ တစ်နံတစ်လျား အကွက်အလပ်မကျန်ရအောင် ဘက်စုံ ကဏ္ဍစုံကနေ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်ပေးနေခြင်းသည် အနာဂတ်ဖြစ်ပေါ်လာမည့် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်အတွက် လမ်းခင်းဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

တစ်ဖက်ကလည်း နိုင်ငံတော်၏ သယံဇာတများ ရေရှည်တည်တံ့နိုင်ရေးအတွက် ဥပဒေ၊ နည်းဥပဒေများပြဋ္ဌာန်းကာ ကာကွယ်ထိန်းသိမ်းပေးနေသကဲ့သို့ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဘေးမဲ့တောနှင့် အမျိုးသားဥယျာဉ် စသည့် သဘာဝထိန်းသိမ်းနယ်မြေပေါင်း ၄၂ ခုကိုလည်း ထူထောင်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ထို့အပြင် တိရစ္ဆာန်ဥယျာဉ်များကိုလည်း တိုးချဲ့တည်ဆောက်ပေးသကဲ့သို့ ကမ္ဘာတွင် မျိုးသုဉ်းပျောက်ကွယ်တော့မည့် ကျားတိရစ္ဆာန်များအတွက် ရှင်သန်တိုးပွားစေရန် မြန်မာနိုင်ငံမြောက်ပိုင်း ဟူးကောင်းချိုင့်ဝှမ်းကို ကျားထိန်းသိမ်းရေးနယ်မြေအဖြစ် ဖွဲ့စည်းဆောင်ရွက်ပေးပြီးဖြစ်ကြောင်း။

ဂုဏ်ယူဖွယ်ရာ

မိမိနိုင်ငံ၏ သာယာလှပသည့် ရေ၊ မြေ၊ တော၊ တောင် သဘာဝနှင့် ရှားပါးတောတိရစ္ဆာန်များ၊ ရှားပါးဂေဟစနစ်ကြောင့် မြန်မာနိုင်ငံရှိ ဘေးမဲ့တောနှင့် အမျိုးသားဥယျာဉ် ခြောက်ခုကို အာဆီယံ အမွေအနှစ်စာရင်းဝင်ဥယျာဉ်အဖြစ် အသိအမှတ်ပြုခြင်းခံရခြင်းသည်လည်း မိမိတို့နိုင်ငံအတွက် ဂုဏ်ယူဖွယ်ရာဖြစ်ကြောင်း။ စာမျက်နှာ ၈ ကော်လံ ၁ သို့



ရုရှားနိုင်ငံတောင်ပိုင်း အင်ဂူရှီတီယာဒေသ၏မြို့တော် နစ်ဇရန်မြို့တွင် မတ် ၂၄ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ပျက်စီးသွားသောယာဉ်ကို ပြည်သူများကြည့်နေစဉ်။

(အင်တာနက်ဓာတ်ပုံ)

ပါကစ္စတန်ဝန်ကြီးချုပ်သစ် ဂီလာနီ၏ ကျမ်းကျိန်ဆိုပွဲ ညွန့်ပေါင်းအစိုးရအဖွဲ့မှ ပါတီခေါင်းဆောင်များ မတက်ရောက်

အစ္စလမ္မာဘတ် မတ် ၂၆

ပါကစ္စတန်ပါလီမန်ဥက္ကဋ္ဌဟောင်း ယူစွတ်ရာဇာဂီလာနီ(အောက်ယာပုံ)သည် ပါကစ္စတန်သမ္မတ ပါဗက်ဇ်မူရှာရက်ဖ်၏ ရှေ့မှောက်၌ ယနေ့ကျမ်းသစ္စာကျိန်ဆိုကာ ပါကစ္စတန်ဝန်ကြီးချုပ်ရာထူးကို တရားဝင်လက်ခံယူလိုက်သည်။

အစ္စလမ္မာဘတ်မြို့၌ကျင်းပသည့် အဆိုပါအခမ်းအနားသို့ ညွန့်ပေါင်းအစိုးရအဖွဲ့မှ အဓိကပါတီခေါင်းဆောင်များ မတက်ရောက်ကြပေ၊ ယင်းမှာ တက်ရောက်ရန် ဖိတ်ကြားထားသော်လည်း အရေးမစိုက် ပစ်ပယ်သည့်သဘောဖြစ်နိုင်သည်ဆို၏။

မျှော်လင့်

လောလောဆယ်တွင် ပါကစ္စတန်နိုင်ငံသို့ အမေရိကန် ထိပ်တန်းအရာရှိနှစ်ဦးရောက်ရှိနေသည်။ သမ္မတမူရှာရက်ဖ်နှင့်ရော ဝန်ကြီးချုပ်ဂီလာနီနှင့်ပါ တွေ့ဆုံမည်ဟု မျှော်လင့်ရသည်။

မစ္စတာဂီလာနီကို ပါကစ္စတန်ပါလီမန်က ထောက်ခံမဲ ၂၆၄မဲဖြင့် ဝန်ကြီးချုပ်အဖြစ် ယမန်နေ့ကအတည်ပြုပေးလိုက်သည်။

ပြောကြား

ဒီမိုကရေစီ ပြန်လည်ဖော်ဆောင်ရေးအတွက် မိမိတို့အနေဖြင့် များစွာပေးဆပ်ခဲ့ရကြောင်း၊ ဘာနာဇီယာဘူတို အသက်စွန့်ခဲ့ရမှုကြောင့် ဒီမိုကရေစီ ပြန်လည်ဖော်ဆောင်နိုင်ခြင်းဖြစ်ကြောင်း ပါကစ္စတန်ဝန်ကြီးချုပ်အဖြစ်ဖြင့် မစ္စတာဂီလာနီက ပြောကြားလိုက်သည်။

ဖမ်းဆီးထားသော နိုင်ငံတော်တရားရုံးချုပ် တရားသူကြီးများကို ချက်ချင်း လွှတ်ပေးရန်တောင်းဆိုလိုက်ပြီး တရားစီရင်ရေး အပါအဝင် အဖွဲ့အစည်းအားလုံးကို အစိုးရက အကာအကွယ်ပေးမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်အသစ် ဂီလာနီက ပြောကြားလိုက်သည်။ **(အင်တာနက်)**

အာဖရိကအနောက်မြောက်ပိုင်းမှ ခြင်္သေ့ဦးခေါင်းနှစ်လုံး လန်ဒန်မျှော်စင်အောက်မှ တူးဖော်တွေ့ရှိ

လန်ဒန် မတ် ၂၆

အာဖရိကအနောက်မြောက်ပိုင်းမှ ခြင်္သေ့နှစ်ကောင်၏ ဦးခေါင်းခွံနှစ်ခု(အောက်ပုံ)ကို လန်ဒန်မျှော်စင်အောက်မှ တူးဖော်တွေ့ရှိခဲ့ကြောင်း မျိုးရိုးဗီဇသုတေသန ပညာရှင်များက ပြောကြားသည်။

အဆိုပါခြင်္သေ့နှစ်ကောင်ကို လွန်ခဲ့သော ၁၃ ရာစုနှင့် ၁၄ ရာစု ကာလအတွင်းက အာဖရိကမှ အင်္ဂလန်သို့ လက်ဆောင်အဖြစ် ပေးခဲ့ပုံရကြောင်း ကျွမ်းကျင်သူများက ပြောကြားသည်။

အလွန်ပေါများ

ထိုခေတ်က ဘာဘာရီခြင်္သေ့များသည် အာဖရိကတစ်ဝန်းတွင် အလွန်ပေါများသည်ဟုဆို၏။

စစ်ဆေး

ယင်းခြင်္သေ့ဦးခေါင်းနှစ်လုံးကို ၁၉၃၇ခုနှစ်က လန်ဒန်မျှော်စင်အောက်မှ ကျုံးအား ပြန်လည် တူးဖော်ရာမှတွေ့ရှိခဲ့ကြောင်း၊ခြင်္သေ့ဦးခေါင်းခွံနှစ်လုံးကို ဒီအင်န်အေ စစ်ဆေးကြည့်ရာတွင် အာဖရိက မြောက်ပိုင်း ဘာဘာရီ ခြင်္သေ့များ ဖြစ်နေကြောင်း သတင်း၌ ဖော်ပြသည်။

၎င်းခြင်္သေ့ ဦးခေါင်းခွံများကို ဗြိတိန်ရှိ ရှေးဟောင်းသမိုင်းပြတိုက်၌ အာရှနှင့် အာဖရိကခြင်္သေ့များ၏ ဦးခေါင်းခွံကို နှိုင်းယှဉ်လေ့လာနိုင်ရန် ပြသထားသည်။ **(အင်တာနက်)**



ပေကျင်းအိုလံပစ်အားကစားပွဲ ကျင်းပရေးအဖွဲ့ မီးရှူးတိုင် သယ်ဆောင်ရန် ဂရိသို့ထွက်ခွာ

ပေကျင်း မတ် ၂၆

ပေကျင်း အိုလံပစ် ကျင်းပရေးအဖွဲ့ဝင်များသည် မတ်၂၃ရက်က ဂရိနိုင်ငံသို့ အိုလံပစ်မီးရှူးတိုင် သယ်ဆောင်ရေး အခမ်းအနားသို့ တက်ရောက်ရန် ထွက်ခွာသွားသည်။

ထွက်ခွာ

အဆိုပါကိုယ်စားလှယ် အဖွဲ့ကို ပေကျင်းအိုလံပစ် အားကစားပွဲ ကျင်းပရေး ကော်မတီဥက္ကဋ္ဌ ရှုကျိ ဦးဆောင်၍ ထွက်ခွာသွားသည်။

လွှဲပြောင်းလက်ခံ

ပေကျင်းအိုလံပစ် အားကစားပွဲ ကျင်းပရေးအဖွဲ့က အိုလံပစ်မီးရှူးတိုင်ကို ၁၈၉၆ခုနှစ်က ခေတ်သစ် အိုလံပစ်အားကစားပွဲတော် ပထမဆုံးကျင်းပခဲ့သော အေသင်မြို့ ပနာသီနီယမ် အားကစားကွင်းကြီး၌ မတ် ၃၀ ရက် ညနေ ၃ နာရီတွင် လွှဲပြောင်းလက်ခံရယူမည်ဟု ဆိုသည်။

လှည့်လည်သယ်ဆောင်

မတ် ၃၁ရက်တွင် ပေကျင်းမြို့၌ အိုလံပစ်မီးရှူးတိုင်လက်ခံပွဲ အခမ်းအနားကျင်းပပြီးနောက် အိုလံပစ်မီးရှူးတိုင်ကို ဧပြီ ၁ရက်မှ စတင်၍ ကမ္ဘာလှည့်ကာ မြို့ပေါင်း ၁၃၅မြို့သို့ လှည့်လည်သယ်ဆောင်သွားမည်ဟုဆိုသည်။

ဖွင့်ပွဲမကျင်းပမီ

အဆိုပါ မီးရှူးတိုင်ကို ပေကျင်းမြို့ အမျိုးသားအားကစားကွင်းကြီး၌ ၂၀၀၈ခုနှစ် ဩဂုတ် ၈ရက်တွင် ဖွင့်ပွဲအခမ်းအနားမကျင်းပမီ ရက်ပေါင်း ၁၃၀ဖြင့် အရောက်သယ်ဆောင်သွားမည်ဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

အင်ဂလိုအမေရိကန်ကုမ္ပဏီကြောင့် ရေထုညစ်ညမ်း တောင်အာဖရိကပြည်သူ ၂၀၀၀၀တို့ အိုးအိမ်စွန့်ခွာသွားကြရ

ကိတ်တောင်း မတ် ၂၆

တောင်အာဖရိကနိုင်ငံတွင် ဗြိတိန်အခြေစိုက် အင်ဂလို အမေရိကန်ကုမ္ပဏီက ပလက်တီနမ်ရှာဖွေမှုကြောင့် တောင်အာဖရိကပြည်သူ ၂၀၀၀၀တို့ အိုးအိမ်စွန့်ခွာသွားကြရသည်ဆို၏။

သေဆုံး

အင်ဂလို အမေရိကန်ကုမ္ပဏီကြောင့် ရေထုညစ်ညမ်းစေပြီး သတ္တုတွင်းအလုပ်သမားများ အစုအပြုံလိုက် သေဆုံးသည့် အထောက်အထားများရှိသည်။

ပလက်တီနမ်ခေါ် ရွှေဖြူဈေးကောင်းလာမှုကြောင့် အင်ဂလိုအမေရိကန်ကုမ္ပဏီက ကမ္ဘာပေါ်တွင် ပလက်တီနမ်အထွက်ဆုံး တောင်အာဖရိကနိုင်ငံတွင် သတ္တုတွင်းများတူးကာ အပူတပြင်း ရှာဖွေထုတ်လုပ်နေခြင်းဖြစ်သည်ဆို၏။

ကမ္ဘာ့ရေနံသိုက်၏ ၉၀ရာခိုင်နှုန်းနီးပါးသည် တောင်အာဖရိကနိုင်ငံ၌ရှိပြီး ထိုကုမ္ပဏီက အများဆုံးထုတ်လုပ်ခြင်းဖြစ်သည်။ (အင်တာနက်)

တောင်ကိုရီးယား၌ အလုပ်လုပ်မည့် နီပေါနိုင်ငံသားများ ဘာသာစကားကျွမ်းကျင်မှုစာမေးပွဲ စစ်ဆေးမည်

ခတ္တမန္ဒူ မတ် ၂၆

နီပေါနိုင်ငံမှ အလုပ်သမားတစ်ဦးသည် တောင်ကိုရီးယားအစိုးရ၏ အလုပ်လုပ်ကိုင်ခွင့်စနစ် (အီးပီအက်စ်)အရ တောင်ကိုရီးယားသို့ မရောက်မီ အမေရိကန်ဒေါ်လာ ၉၇၀ဒသမ ၂၈ ဒေါ်လာသာလျှင် ပေးရမည်ဖြစ်ကြောင်း ဒေသဆိုင်ရာမီဒီယာက မတ် ၂၄ရက်တွင် ရေးသားဖော်ပြသည်။

ထုတ်ပြန်

တောင်ကိုရီးယားနိုင်ငံ၌ အလုပ်လုပ်ကိုင်ခွင့်ရရှိရေး တောင်ကိုရီးယားဘာသာစကားစာမေးပွဲ စစ်ဆေးမှုများကို မတ် ၂၉ ရက်မှ ၃၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း နီပေါအလုပ်သမားနှင့် ပို့ဆောင်ရေးစီမံခန့်ခွဲမှု ဝန်ကြီးဌာနက မတ်၂၃ရက်တွင် ကြေညာချက်တစ်ရပ်ထုတ်ပြန်ထားသည်။

နီပေါ၌ အလုပ်အကိုင် ရှာဖွေနေသူ ၃၁၅၂၅ဦး တို့သည် အဆိုပါ အလုပ်အကိုင် ရရှိရေးအတွက် ခတ္တမန္ဒူမြို့၌ကျင်းပမည့် စာဖြေဌာန ၂၀ တွင်ဝင်ရောက်ဖြေဆိုကြမည်ဖြစ်သည်။

သတိပေး

ယင်းအလုပ်အကိုင် ရရှိရေးအတွက် ကြားပွဲစားများ၏ လိမ်လည်မှုမခံရရေး သတိထားလုပ်ဆောင်ရန် နီပေါအလုပ်သမား ဝန်ကြီးဌာနက သတိပေးလိုက်သည်။

အီးပီအက်စ်က တောင်ကိုရီးယားအလုပ်ရှင်များအတွက် လုပ်ခဈေးနှုန်းသက်သာသော နိုင်ငံခြားသား အလုပ်သမားများကို ဖြည့်ဆည်းခေါ်ယူပေးလျက်ရှိသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဘဝအမောပြေ

အမည်ပြောင်းပါ့မယ်....

ကုမ္ပဏီတစ်ခု၌ အလုပ်စတင်ဝင်ရောက်မည့် ဝန်ထမ်းသစ် တစ်ဦးအား မန်နေဂျာ အမျိုးသမီးတစ်ဦးက မေးလေသည်။

မန်နေဂျာ ။ ။ အမည်ပြောပါဦး။

ဝန်ထမ်းသစ် ။ ။ "ဂျွန်"လို့ ခေါ်ပါတယ်။

မန်နေဂျာ ။ ။ ဒီကုမ္ပဏီရောက်ရင် ဝန်ထမ်းတွေအားလုံး အမည်ပြောင်းရတယ်။

ဝန်ထမ်းသစ် ။ ။ မိဘတွေက"ဂျွန်"လို့ပဲ အမည်ပေးထားတာပါ။

မန်နေဂျာ ။ ။ မရဘူး။ ဒီမှာအလုပ်ဝင်ရင် အမည်သစ် ပြောင်းရမယ်။ အမည်သစ်တစ်ခု ပြောပါ။

ဂျွန်က အတန်ကြာစဉ်းစားပြီးနောက်...

ဝန်ထမ်းသစ် ။ ။ "ဒါလင်"လို့ ပြောင်းလိုက်ပါ့မယ်။

မန်နေဂျာ ။ ။ "ဘာ"

နိုင်ငံတကာသတင်း စုစည်း ဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုးနှင့် ချစ်စိုးနိုင်

၂၁ရာစု၌ ပထမပေါ်ထွန်းလာသည့် အရှေ့တီမောနိုင်ငံ

သတင်းအက်ဆေး

အရှေ့တီမောနိုင်ငံသည် အရှေ့တောင်အာရှတွင် တည်ရှိသည်။ ၂၀၀၂ ခုနှစ် မေလ ၂၀ရက်တွင် လွတ်လပ်ရေးရရှိသည်။ လွတ်လပ်ရေးကြိုးပမ်းမှု လမ်းကြောင်းမှာ ရှည်လျားပြီး ဒုက္ခသုက္ခရောက်ခဲ့ရသည့် ခရီးကြမ်းဖြစ်သည်။ဤရာစုနှစ်တွင် ပထမဆုံးပေါ်ထွန်းလာသည့် ဤနိုင်ငံပြည်သူများမှာ ခေတ်သစ်၏ ဆိုးရွားသောပဋိပက္ခအချို့နှင့် ကြုံတွေ့ခံစားခဲ့ကြရသည်ဟု ဆိုရမည်။

အသတ်ခံရ

တီမောကျွန်းကို ပေါ်တူဂီတို့ ၁၆၀၀ပြည့်လွန်နှစ်များအတွင်း ကျူးကျော်ခဲ့သည်။ စန္ဒကူးနံ့သာရရှိရာ အရင်းအမြစ်အဖြစ် ဤကျွန်းကို အသုံးပြုသည်။ ၁၇၄၉ခုနှစ်တွင် ပေါ်တူဂီနှင့် ဒတ်ချ်တို့တိုက်ပွဲဖြစ်အပြီး အရှေ့နှင့် အနောက်ဟူ၍ နှစ်ခြမ်းကွဲသွားပြီး အရှေ့တီမောကို ပေါ်တူဂီကပိုင်သည်။ ၁၉၇၅ခုနှစ် ဩဂုတ်လတွင် ပေါ်တူဂီအုပ်ချုပ်ရေးရုပ်သိမ်းလိုက်သောအခါ ပြည်တွင်းစစ်ခေတ္တဖြစ်ပြီးနောက် ထိုနှစ် နိုဝင်ဘာလတွင် လွတ်လပ်သော အရှေ့တီမောတော်လှန်ရေးတပ်ဦး (ဖရီတီလင်)က လွတ်လပ်ရေးကြေညာသည်။ ထိုနှစ် ဒီဇင်ဘာလတွင် ကွန်မြူနစ်စနစ်တိုက်ဖျက်ရန်ဟူသောဥပါယ်တံမျဉ်ဖြင့် အင်ဒိုနီးရှားတပ်များ ကျူးကျော်သိမ်းပိုက်ပြီး အရှေ့တီမောကို အင်ဒိုနီးရှားနိုင်ငံ၏ ၂၇ခုမြောက် ပြည်နယ်အဖြစ်သတ်မှတ်သည်။ ကုလသမဂ္ဂက အသိအမှတ်မပြု။ မျိုးချစ်တီမောပြည်သူများက အပြင်းအထန်ခုခံသည်။ ၁၉၈၁ ခုနှစ်တွင် ဇာနာနာဂူစမာအိုသည် ဖရီတီလင်၏ လက်နက်ကိုင်အဖွဲ့ ဖလင်တီး၏ ခေါင်းဆောင်ဖြစ်လာသည်။ ၁၉၉၁ ခုနှစ်တွင် ဆန်တာခရုဇ်သင်္ချိုင်း၌ ဖရီတီလင် လိုလားသူတစ်ဦး၏ အသုဘပို့သူ ၁၀၀ကျော်တို့ အစုအပြုံလိုက် အသတ်ခံလိုက်ရသည်။

ပြစ်ဒဏ်လျှော့ချ

၁၉၉၂ခုနှစ်တွင် ဂူစမာအိုကို ဒီလီမြို့တော်အနီး၌ ဖမ်းမိသွားသောအခါ အရှေ့တီမော ခုခံတွန်းလှန်မှုမှာ အရှိန်လျော့သွားသည်။ ၁၉၉၃ ခုနှစ်တွင် ဂူစမာအိုကို ထောင်ဒဏ်တစ်သက်တစ်ကျွန်း ချမှတ်လိုက်သည်။ နောက်ပိုင်း ပြစ်ဒဏ်လျှော့ချသည်။

၁၉၉၈ခုနှစ်တွင် အင်ဒိုနီးရှားသမ္မတ ဆူဟာတို ရာထူးမှနုတ်ထွက်ပြီး ဟာဘီဘီသမ္မတဖြစ်လာသည်။ ၁၉၉၉ခုနှစ် ဇန်နဝါရီလတွင် အရှေ့တီမောပြည်သူများက ကိုယ်ပိုင်အုပ်ချုပ်ရေးမလိုချင်လျှင် အရှေ့တီမောကို လွတ်လပ်ရေးပေးရန် စဉ်းစားမည်ဟု အင်ဒိုနီးရှားက ကြေညာသည်။ ၁၉၉၉ခုနှစ် ဩဂုတ် ၃၀တွင် ပြည်သူ့ဆန္ဒခံယူပွဲပြုလုပ်သည်။ ပြည်သူ ၉၉ရာခိုင်နှုန်းက မဲပေးပြီး စက်တင်ဘာလတွင် လွတ်လပ်ရေးအလိုရှိကြောင်း ၇၈ရာခိုင်နှုန်းက ထောက်ခံသည်။ အင်ဒိုနီးရှားစစ်ဘက်၏ အကူအညီဖြင့် လွတ်လပ်ရေးဆန့်ကျင်သည့် ပြည်သူ့စစ်အဖွဲ့က အကြမ်းဖက်တိုက်ပွဲစတင်သဖြင့် လူ၁၀၀၀ ခန့် သေဆုံးပြီး ပြည်သူလေးပုံတစ်ပုံ အနောက်တီမောသို့ထွက်ပြေးခိုလှုံသည်။ မာရှယ်လောပြဋ္ဌာန်းသည်။ ဂူစမာအိုကို အင်ဒိုနီးရှားအစိုးရက ပြန်လွှတ်ပေးသည်။

တွန်းပို့ပေး

၂၀၀၁ခုနှစ် ဩဂုတ်လတွင် တိုင်းပြုပြည်ပြု လွှတ်တော်အတွက် ရွေးကောက်ပွဲ ကျင်းပသည်။ ဖရီတီလင်ပါတီအနိုင်ရသည်။ ၂၀၀၂ခုနှစ် ဇန်နဝါရီလတွင် အတိတ်က ဒဏ်ရာဒဏ်ချက်များကို ဖော်ထုတ်ကုစားမည့် အမှန်တရားနှင့် ပြန်လည်သင့်မြတ်ရေးကော်မရှင်ကိုဖွဲ့စည်းသည်။ ၂၀၀၂ ခုနှစ် ဧပြီလတွင် သမ္မတရွေးကောက်ပွဲကျင်းပသည်။ ဇာနာနာဂူစမာအို သမ္မတဖြစ်လာသည်။ ၂၀၀၂ ခုနှစ် စက်တင်ဘာလတွင် ကုလသမဂ္ဂ၏ ၁၉၁နိုင်ငံမြောက် အဖွဲ့ဝင်ဖြစ်လာသည်။

အရှေ့တီမော ပြန်လည်တည်ဆောက်ရေးလုပ်ငန်းမှာ ကုလသမဂ္ဂအဖွဲ့ကြီး၏ အအောင်မြင်ဆုံးသော လုပ်ငန်းတစ်ခုဖြစ်သည်။ ယင်းလုပ်ငန်းမှာ ၂၀၀၅ခုနှစ် မေလတွင် ပြီးဆုံးသည်။ သို့သော် အရှေ့တီမောလုံခြုံရေးမှာ မရေရာလှပေ။ ၂၀၀၆ခုနှစ်တွင် အုပ်စုဖွဲ့အကြမ်းဖက်မှု ပေါ်ပေါက်လာသောအခါ ကုလသမဂ္ဂလုံခြုံရေးကောင်စီက ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ကို ဖွဲ့စည်းဆောင်ရွက်ပေးသည်။ ဆင်းရဲမွဲတေမှုနှင့် အလုပ်လက်မဲ့မှုတို့က မတည်မငြိမ်ဖြစ်စေရန် တွန်းပို့ပေးနေသည်။

မြှင့်တင်

၂၀၀၆ခုနှစ် အကြမ်းဖက်မှုကိုင်တွယ်ဖြေရှင်းသည့် ကိစ္စနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ်အယ်ကာတီရီ ရာထူးမှ နုတ်ထွက်သည်။ ဟိုဆေးရာမို့စ်ဟော်တာ ဝန်ကြီးချုပ်ဖြစ်လာသည်။

၂၀၀၇ခုနှစ် မေလ သမ္မတရွေးကောက်ပွဲတွင် ဟိုဆေးရာမို့စ်ဟော်တာ အနိုင်ရကာ သမ္မတဖြစ်လာသည်။ ထိုနှစ်ဩဂုတ်လတွင် သမ္မတရာမို့စ်ဟော်တာက ဇာနာနာဂူစမာအိုကို အရှေ့တီမောဝန်ကြီးချုပ်အဖြစ် တာဝန်ပေးလိုက်သည်။ အကြမ်းဖက်မှုများ ပေါ်ပေါက်လာပြန်သည်။

အရှေ့တီမောနိုင်ငံသည် အာရှတိုက်မှ အဆင်းရဲဆုံးနိုင်ငံတစ်နိုင်ငံဖြစ်သည်။ ပြည်ပအထောက်အပံ့အပေါ် နှစ်အတန်ကြာ မှီခိုနေရသည်။ အခြေခံအဆောက်အအုံမှာ နုံချာသည်။ မိုးခေါင်ရေရှားမှုကို အမြဲလိုလိုကြုံရသည်။

သို့သော် အရှေ့တီမောကမ်းလွန် တီမောပင်လယ်ရှိ ရေနံနှင့် ဓာတ်ငွေ့သိုက်များက အလားအလာများစွာကောင်းလျက်ရှိသည်။ ထို့ထက်အရေးကြီးသည်မှာ အမျိုးသားပြန်လည်သင့်မြတ်ရေးမြှင့်တင်ရန်ပင် ဖြစ်သည်။

ဤအဆိုမှန်ကန်ကြောင်းကို ၂၀၀၈ခုနှစ်ဖေဖော်ဝါရီလတွင် သူပုန်များက သမ္မတဟိုဆေးရာမို့စ်ဟော်တာကို လုပ်ကြံသတ်ဖြတ်ရန် ကြိုးပမ်းမှုက သက်သေထူလျက်ရှိသည်။ သမ္မတရာမို့စ်ဟော်တာမှာ ဝမ်းဗိုက်နှင့် ရင်ဘတ်တို့တွင် သေနတ်ကျည်ဆန်များထိမှန်သော်လည်း ကံကောင်းထောက်မ၍သာ အသက်မသေဘဲ ယခုအခါ စကားပြောဆိုနိုင်သည်အထိ ပြန်လည်နာလန်ထူလာပြီ ဖြစ်ပါကြောင်း။ ။

တိုး–ရေးသားသည်

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

■ **တရုတ်နိုင်ငံမြောက်ပိုင်း အတွင်းမွန်ဂိုလီးယား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ မတ် ၂၅ရက်က တည်ဆောက်ဆဲ ရထားဥမင်လိုဏ်ခေါင်း တစ်ခုပြိုကျခဲ့ရာ လေးဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိခဲ့သည်။**

➢ ဘော့စနီးယားနိုင်ငံမြို့တော် ဆာယာရေဗိုမြို့ အနောက်မြောက်ပိုင်း၌ မတ်၂၅ရက်က မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့်ရေလွှမ်းမှုများဖြစ်ပေါ်ခဲ့ရာ နေအိမ်အများအပြား ရေလွှမ်းမှုကြုံတွေ့ခဲ့ရသည်။ **(အောက်ပုံ)**

■ **ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့ရှိ ဗိုင်ယာအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် မတ် ၂၅ရက်က ဆော်ဒီအာရေဗျနိုင်ငံမှ ဘိုရင်း-၇၄၇ခရီးသည်တင် လေယာဉ်တစ်စင်း မီးလောင်မှုကြောင့် အရေးပေါ်ဆင်းသက်ခဲ့ရပြီး ခရီးသည်များအား ဘေးကင်းရာသို့ အမြန်ရွှေ့ပြောင်းပေးခဲ့ရသည်။**

➢ တူရကီနိုင်ငံတောင်ပိုင်းရှိ ပေ ၆၀၀၀ခန့်မြင့်သောတောင်ထိပ်တစ်ခုပေါ်သို့ မတ် ၂၅ရက်က အသက်၁၂နှစ်အရွယ်အထိ ပါဝင်သော လူငယ်၁၄ ဦးပါ တောင်တက်အဖွဲ့သည် အောင်မြင်စွာ တက်ရောက်နိုင်ခဲ့သည်။

■ **ချီလီနိုင်ငံမြောက်ပိုင်း လာစီရီနာမြို့၌ မတ်၂၅ရက်က ရထားတစ်စင်းနှင့် ကုန်တင်မော်တော်ယာဉ်တစ်စီးတို့ တိုက်မိခဲ့ရာ သုံးဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့သည်။**

➢ စပိန်နိုင်ငံ မက်ဒရစ်မြို့မြောက်ဘက် မိုင်၈၀ခန့်အကွာ ဒေသ၌ မတ်၂၅ရက်က ဆီးနှင်းများ ဆိုးရွားစွာ ကျဆင်းခဲ့ရာ အချို့နေရာများတွင် ဆီးနှင်းထု လေးပေအထိမြင့်တက်ခဲ့သည်။

■ **မက္ကဆီကိုနိုင်ငံ မက္ကဆီကိုစီးတီးမြို့တွင် မတ် ၂၅ရက်က သက်တမ်းရင့်လေးထပ်လူနေအဆောက်အအုံတစ်ခု ပြိုကျခဲ့ရာ သုံးဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့သည်။**

➢ တရုတ်နိုင်ငံ တောင်တရုတ်ပင်လယ်တွင် မတ်၂၅ရက်ကတစ်နာရီလျှင် မိုင်၆၀နှုန်း အင်အားရှိသော မုန်တိုင်းတိုက်ခတ်ခဲ့မှုကြောင့် ငါးဖမ်းစက်လှေများ ပျောက်ဆုံးခဲ့သည်။

ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

၂၆–၃–၂၀၀၈

အနောက်ဘက်ကမ်း၌ ပါလက်စတိုင်း ရဲတပ်ဖွဲ့ဝင်များ ဖြန့်ချ

အနောက်ဘက်ကမ်းရှိ ဂျီနင်မြို့တွင် ပါလက်စတိုင်း ရဲတပ်ဖွဲ့ဝင်၆၀၀ခန့် ဖြန့်ချမှုကို အစ္စရေးတို့က သဘောတူမည်ဖြစ်ကြောင်း ပါလက်စတိုင်း အရာရှိများက ပြောကြားသည်။

အဆိုပါ ပါလက်စတိုင်း ရဲတပ်ဖွဲ့ဝင်များသည် ဂျော်ဒန်နိုင်ငံ၌ လေ့ကျင့်သင်တန်းတက်ခဲ့သူများဖြစ်ပြီး အပြစ်ရှိသူများအား ဖမ်းဆီးစစ်ဆေးမှု ပြုလုပ်နိုင်မည်ဖြစ်သည်။

ကမ္ဘာ့ရွှေဈေးနှုန်း ပြန်တက်လာပြန်

ကမ္ဘာ့ရွှေဈေးကွက်၌ ရွှေဈေးနှုန်းများပြန်လည် မြင့်တက်လျက်ရှိကြောင်း တရုတ်ရွှေလုပ်ငန်းရှင်များက ပြောကြားသည်။

တရုတ်ဈေးကွက်၌ ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၀၀၁ ဒေါ်လာရှိကြောင်း ၎င်းတို့က ပြောကြားသည်။

ကမ္ဘာ့ဈေးကွက်၌ ဒေါ်လာတန်ဖိုး အနည်းငယ်မြင့်တက်

ကမ္ဘာ့ငွေကြေး ဈေးကွက်၌ အမေရိကန်ဒေါ်လာတန်ဖိုးအနည်းငယ် မြင့်တက်လာကြောင်း နယူးယောက်မြို့မှငွေကြေးအရာရှိများက ပြောကြားသည်။

အမေရိကန်ဒေါ်လာသည် ဂျပန်ယန်းငွေနှင့် ဖလှယ်ရာတွင်အမေရိကန် တစ်ဒေါ်လာလျှင် ၁၀၁ ဒသမ ၀၄ ယန်းအထိရှိလာပြီး ယူရိုငွေနှင့် ဖလှယ်ရာ၌ တစ်ယူရိုလျှင် အမေရိကန် ဒေါ်လာ၁ဒသမ၅၃၈၂ ဒေါ်လာရှိလာသည်။

အင်ဒိုနီးရှား၌ ကျင်းပမည့် စီးပွားရေးဖိုရမ် တရုတ်လုပ်ငန်းရှင်များ တက်ရောက်ရန် ဖိတ်ခေါ်မည်

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ လာမည့်မေလတွင် ကျင်းပမည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဖိုရမ်တွင် တရုတ်စီးပွားရေးလုပ်ငန်းရှင်များကိုဖိတ်ခေါ်မည်ဖြစ်ကြောင်း တရုတ်အရာရှိများက ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံရှိ နယ်ပယ်ကဏ္ဍအသီးသီး၌ တရုတ်စီးပွားရေးလုပ်ငန်းရှင်များအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများကို ပြသဆွေးနွေးသွားမည်ဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေး ဗီယက်နမ်နှင့် ဆားဘီးယားတို့ သဘောတူ

နှစ်နိုင်ငံ စီးပွားရေး ပူးပေါင်းဆောင်ရွက်ရန်နှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ရေး ပြုလုပ်ကြရန် ဗီယက်နမ်နှင့် ဆားဘီးယားနိုင်ငံတို့ သဘောတူညီလိုက်ကြသည်။

ဗီယက်နမ်ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဖန်ရိုင်ရာခိုင်နှင့် ဗီယက်နမ်နိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော ဆားဘီးယား နိုင်ငံခြားရေးဝန်ကြီး ဗျူဂျီရီမိုက်တို့ တွေ့ဆုံဆွေးနွေးပြီး သဘောတူညီခဲ့ကြခြင်း ဖြစ်သည်။

ဖိလစ်ပိုင်၌ ဓာတ်အားပြတ်တောက်မှု လေယာဉ်ခရီးစဉ်၅၀ဖျက်သိမ်း

ဖိလစ်ပိုင်နိုင်ငံတွင် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုကြောင့် ပြည်တွင်းလေကြောင်း ခရီးစဉ် ၅၀ ခန့် ရွှေ့ဆိုင်းခဲ့ရကြောင်း ဖိလစ်ပိုင် အရာရှိများက ပြောကြားသည်။

ထိုသို့ ဓာတ်အားပြတ်တောက်မှုကြောင့် မနီလာလေဆိပ်အပါအဝင် ပြည်တွင်းလေဆိပ်အများအပြား၌ ခရီးသည် ၁၃၀၀၀ခန့် နာရီအတန်ကြာ သောင်တင်နေခဲ့သည်။

သူတို့အတွေးနှင့် အမြင်

* ***Ill deeds are doubled with an evil word.***
မကောင်းသည့်လုပ်ရပ်များကို မဟုတ်မမှန်သော စကားများဖြင့် နှစ်ဆတိုးစေသည်။
ရှိတ်စပီးယား
(ပြဇာတ်နှင့် စာရေးဆရာ)

* ***The paths of glory lead but to the grave.***
ဂုဏ်ရှိန်မြင့်မား ထည်ဝါခြင်း၏ လမ်းများသည် သေဆုံးခြင်းလမ်းကြောင်းဆီသို့ ဦးတည်လျက်ရှိသည်။
သောမတ်စ်ဂရေး
(ကဗျာဆရာ)

မစ်ချီဂန်နှင့်ဖလော်ရီဒါတွင် အကြိုရွေးကောက်ပွဲ ရပ်ဆိုင်း ကိုယ်စားလှယ်အရေအတွက်များသည့် ပြည်နယ်များဖြစ်

ဝါရှင်တန် မတ် ၂၆

ဒီမိုကရက်တစ်ပါတီကို ကိုယ်စားပြုပြီး အမေရိကန်သမ္မတ ရွေးကောက်ပွဲဝင်ရန် အကြိတ်အနယ် ကြိုးပမ်းနေကြသည့် ဟီလာရီနှင့်အိုဘားမားတို့အဖို့ အဆုံးအဖြတ်ပေးကောင်း ပေးနိုင်သည့် မစ်ချီဂန်ပြည်နယ် အကြိုရွေးကောက်ပွဲပြန်လုပ်ရေး အစီအစဉ်မှာ ယခုအခါ ရပ်ဆိုင်းသွားပြီ ဖြစ်သည်။

စာစီးစွာကျင်းပ

မစ်ချီဂန်ပြည်နယ်နည်းတူ ဖလော်ရီဒါပြည်နယ် အကြိုရွေးကောက်ပွဲ ပြန်လည်ကျင်းပရေးအစီအစဉ်မှာလည်း ရပ်ဆိုင်းသွားခဲ့ရသည်။ ဤပြည်နယ်နှစ်ခုမှာ ကိုယ်စားလှယ်များသည့် ပြည်နယ်များဖြစ်သည်။ မစ်ချီဂန်ပြည်နယ်က ပါတီညီလာခံ ကိုယ်စားလှယ် ၁၂၈ဦးနှင့် ဖလော်ရီဒါပြည်နယ်က ပါတီညီလာခံ ကိုယ်စားလှယ် ၂၁၀စေလွှတ်ရသည့် ပြည်နယ်များဖြစ်သည်။ ပါတီစည်းကမ်းချိုးဖောက်ပြီး အကြိုရွေးကောက်ပွဲများ စာစီးစွာကျင်းပသဖြင့် ပယ်ထားခြင်းဖြစ်သည်။

အကြိုရွေးကောက်ပွဲများ ပြန်လည်ပြုလုပ်ရေးမှာ တရားမျှတမှု ရှိမရှိ၊ အချိန်လုံလောက်မှု၊ ငွေကြေးကုန်ကျမှုအပါအဝင် နှစ်ဦးစလုံး၏ သဘောတူ လက်ခံမှု ပါရှိမှသာ ပါတီက စဉ်းစားဆောင်ရွက်ပေးမည့် ကိစ္စဖြစ်သည်။

စွမ်းရည်တစ်ခု

မဲဆွယ်စည်းရုံးရေး ရန်ပုံငွေရှာဖွေရာတွင် ဒီမိုကရက်တစ်မှ အကြိတ်အနယ်ဖြစ်ကြသူ ဟီလာရီရော အိုဘားမားပါ ရီပတ်ဘလီကင်မှ ဂျွန်မက်ကိန်းထက် အခြေအနေများစွာ ကောင်းသည်ကို တွေ့ရသည်။ ဤသည်မှာလည်း အမေရိကန်သမ္မတ တစ်ဦးဖြစ်ရန် မရှိမဖြစ်ရှိနေရမည့် စွမ်းရည်တစ်ခုဖြစ်သည်။

ဖေဖော်ဝါရီလတွင် အိုဘားမားက ရန်ပုံငွေဒေါ်လာ ၅၅သန်းရှာဖွေနိုင်ပြီး ဟီလာရီကဒေါ်လာ၃၅သန်း ရှာထားသည်။ ဖေဖော်ဝါရီလကုန်တွင် ဟီလာရီလက်ထဲ၌ ဒေါ်လာ ၁၀ဒသမ၉သန်းသာကျန်ပြီး အိုဘားမားလက်ထဲတွင် ဒေါ်လာ ၃၆ဒသမ၆သန်းကျန်သည်။

ဟီလာရီက ပေးစရာအကြွေး ဒေါ်လာ၈ဒသမ၇သန်းရှိသည်။ သို့တိုင် မဲဆွယ်စည်းရုံးရေး ရန်ပုံငွေထဲသို့ သူ့ကိုယ်ပိုင်ငွေ ဒေါ်လာ၅သန်း ထည့်ဝင်ထားမှုကို ထည့်မတွက်သေးပေ။ အိုဘားမား၏ အကြွေးမှာ ဒေါ်လာ ၆၂၅၀၀၀ခန့်ရှိသည်။

အကြွေးရှင်းလိုက်မည်ဆိုလျှင် ဟီလာရီလက်ထဲတွင် ဒေါ်လာ၂ဒသမ၂သန်းသာကျန်သည်။ ပင်ဆယ်ဗေးနီးယားပြည်နယ် အကြိုရွေးကောက်ပွဲတွင် သုံးရဦးမည် ဖြစ်သည်။

ရှာဖွေပြီး

သို့သော် ဟီလာရီအနေဖြင့် နောက်ဆုံးပိတ် သမ္မတရွေးကောက်ပွဲတွင် သုံးစွဲရန် ရန်ပုံငွေ ဒေါ်လာ၂၂သန်း ရှာဖွေပြီးဖြစ်သည်။ **(အင်တာနက်)**

ဒီမိုကရက်တစ် သမ္မတလောင်းများဖြစ်သည့် ဟီလာရီကလင်တန် (ဝဲ) နှင့် အိုဘားမား။

စူးအက်တူးမြောင်းအတွင်း အီဂျစ်စက်လှေကို ပစ်ခတ်တိုက်ခိုက်ခဲ့သည့် အမေရိကန် ကုန်သေတ္တာတင် သင်္ဘော။ (အင်တာနက်ဓာတ်ပုံ)

အမေရိကန် ကုန်သေတ္တာတင် သင်္ဘော စူးအက်တူးမြောင်းအတွင်း အီဂျစ်စက်လှေကို ပစ်ခတ်

ကိုင်ရို မတ် ၂၆

အမေရိကန် ကုန်သေတ္တာတင် သင်္ဘောတစ်စင်းက စူးအက်တူးမြောင်းအတွင်း၌ အီဂျစ်စက်လှေတစ်စင်း ချဉ်းကပ်လာစဉ် ၎င်းစက်လှေကို သေနတ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

တစ်ဦးသေဆုံး

ယင်းကုန်သေတ္တာတင် သင်္ဘောသည် မတ်၂၄ရက် ညနေပိုင်းက တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ တိုက်ခိုက်မှုကြောင့် တစ်ဦးသေဆုံးပြီး နှစ်ဦး ဒဏ်ရာရရှိသွားကြောင်း သတင်း၌ ဆက်လက်ဖော်ပြသည်။

တိုက်ခိုက်

အဆိုပါ တိုက်ခိုက်ခြင်းကို အီဂျစ်အာဏာပိုင်များက ပူးပေါင်းစစ်ဆေးသွားမည်ဖြစ်ကြောင်း အမေရိကန်တို့က ပြောကြားသည်။

ဖော်ထုတ်မည်

၎င်းအမေရိကန် ကုန်သေတ္တာ တင်သင်္ဘောသည် စစ်ပစ္စည်းများတင်ဆောင်လာသော သင်္ဘောဖြစ်ကြောင်း သိရသည်။ ထိုကိစ္စနှင့် ပတ်သက်ပြီး အမြန်ဆုံး စစ်ဆေးဖော်ထုတ်သွားမည် ဖြစ်ကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။ **(အင်တာနက်)**

အာဖဂန်နိုင်ငံပိုင် ဆက်သွယ်ရေးကုမ္ပဏီ ပုဂ္ဂလိကပိုင်အဖြစ် ပြုလုပ်ရန်ကြေညာ

ကဘူးလ် မတ် ၂၆

အာဖဂန်နစ္စတန်နိုင်ငံ၌ ဖုန်းများရောင်းချခြင်းကို နိုင်ငံပိုင်ကုမ္ပဏီဖြစ်သည့် အာဖဂန်တယ်လီကွန်းကသာလျှင် ရောင်းချသွားမည်ဖြစ်ကြောင်း အစိုးရက မတ်၂၃ရက်တွင် ကြေညာလိုက်သည်။

ပြောကြား

ယင်းကုမ္ပဏီတွင် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် အကျိုးခံစားခွင့် ၈၀ ရာခိုင်နှုန်းရှိမည်ဖြစ်ကြောင်း၊ အစိုးရက ၂၀ရာခိုင်နှုန်းသာ အကျိုးခံစားခွင့်ယူမည်ဖြစ်ကြောင်း အာဖဂန်နစ္စတန် ဆက်သွယ်ရေးနှင့် အိုင်တီဝန်ကြီးဌာန ဝန်ကြီးအမီဇိုင်းဆန်ဂျင်က သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားသည်။

လုပ်ငန်းများလည်ပတ်

လွန်ခဲ့သောလေးနှစ်က တည်ထောင်ခဲ့သော အဆိုပါဆက်သွယ်ရေး ကုမ္ပဏီသည် အမေရိကန်ဒေါ်လာ သန်း၁၉၀ ဖြင့် လုပ်ငန်းများ လည်ပတ်လျက်ရှိသည်ဟု ဆိုသည်။

ယင်းကုမ္ပဏီသည် အာဖဂန်နစ္စတန်နိုင်ငံတစ်ဝန်းရှိ ပြည်နယ်၃၄ခုနှင့် ဆက်သွယ်ပြောဆိုနိုင်သည့် နောက်ဆုံးပေါ် စီဒီအမ်အေဖုန်းများကို သုံးစွဲထားသည်။

ရင်းနှီးမြှုပ်နှံ

အာဖဂန်တယ်လီကွန်းသည် လွန်ခဲ့သော ငါးနှစ်က အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော် ရင်းနှီးမြှုပ်နှံလျက် မိုဘိုင်းလ်ဖုန်း လုပ်ငန်းလေးခုတွင် လုပ်ကိုင်လျက်ရှိသည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ ယခုအခါ ဆယ်လူလာဖုန်းရှိသူ ငါးသန်းကျော် ရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အီရတ်တောင်ပိုင်း ဘာဆာရာ၌ တိုက်ပွဲဖြစ်ပွား ညမထွက်ရအမိန့် ထုတ်ပြန်ထား

ဘဂ္ဂဒက် မတ် ၂၆

အီရတ်နိုင်ငံတောင်ပိုင်း ဘာဆာရာမြို့၌ အီရတ်လုံခြုံရေး တပ်ဖွဲ့ဝင်များနှင့် ရှီးယိုက်ပြည်သူ့စစ်မက်ဒီအဖွဲ့ဝင်များအကြား တိုက်ပွဲများ ပြင်းထန်စွာ ဖြစ်ပွားခဲ့သည်။

မီးခိုးလုံးများ

ဘာဆာရာမြို့အတွင်း ပေါက်ကွဲမှုများ ဖြစ်ပွားခြင်း၊ တင့်ကားများ၊ အမြောက်များဖြင့် ပစ်ခတ်ခြင်းတို့ကြောင့် မြို့တော်ပေါ်သို့ မီးခိုးလုံးများ တလိပ်လိပ်တက်လာကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ညမထွက်ရအမိန့်

လုံခြုံရေးအခြေအနေအရ ဘာဆာရာမြို့ ညမထွက်ရအမိန့်ကို အကန့်အသတ်မရှိ ထုတ်ပြန်ထားပြီးဖြစ်သည်။

ပြောကြား

အီရတ်ဝန်ကြီးချုပ်မာလီကီသည် ဘာဆာရာမြို့သို့ ရောက်ရှိနေပြီးစစ်ဆင်ရေးများကို ကြီးကြပ်နေသည်ဟု ပြောကြားသည်။ စစ်ဆင်ရေးများကို အီရတ်တပ်ဖွဲ့များက ဦးစီးဆောင်ရွက်နေကြောင်း ဘာဆာရာလေဆိပ်၌ အခြေစိုက်သည့် ဗြိတိသျှတပ်ဖွဲ့ဝင်များ မပါဝင်ကြောင်း သိရသည်။

(အင်တာနက်)

ဩစတြီးယား၌ ကားအစီး ၆၀တိုက်မှုဖြစ်ပွား၊ တစ်ဦးသေဆုံးပြီး ၃၀ဒဏ်ရာရရှိ

ဗီယင်နာ မတ် ၂၆

ဩစတြီးယားနိုင်ငံ အနောက်ပိုင်း အဝေးပြေးလမ်းမကြီး တစ်လျှောက်၌ မော်တော်ကားများ ဆင့်ကဲတိုက်ခဲ့၍ တစ်ဦး သေဆုံးပြီး ၃၀ဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ကားအစီး၆၀

အဆိုပါ မော်တော်ကားများ အစုလိုက် အပြုံလိုက် တိုက်မိရာဒေသမှာ မြို့တော် ဗီယင်နာနှင့် ဆယ်ဇ်ဘတ်မြို့အကြား ဆက်သွယ်ထားသည့် အဝေးပြေးလမ်းမကြီးပေါ် ဆီဝါချန်မြို့အနီး၌ ဖြစ်ပွားခဲ့ကြောင်း၊ ယာဉ်တိုက်မှုတွင် အနည်းဆုံး ကားအစီး၆၀ပါဝင်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အစုလိုက်အပြုံလိုက်

ထိုသို့ မော်တော်ကားများ အစုလိုက်အပြုံလိုက်တိုက်မိခဲ့ခြင်းမှာ ဆီးနှင်းများထူထပ်စွာ ကျဆင်းခဲ့၍ဖြစ်ကြောင်း ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားသည်။

ပိတ်မိနေ

ထိခိုက်ဒဏ်ရာ ရရှိသူများသည် ယင်းတို့၏ ကားများအတွင်းပိတ်မိနေကြောင်း၊ ဆီးနှင်းများမှာလည်း ဆက်လက်ကျဆင်းနေဆဲဖြစ်ကြောင်း၊ အခင်းဖြစ်ပွားရာ နေရာသို့ ကြက်ခြေနီကား၄၀စေလွှတ်၍ ကယ်ဆယ်ရေးလုပ်ငန်းများ၌ ဆောင်ရွက်ခဲ့ရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ **(အင်တာနက်)**

အဝေးပြေးလမ်းမကြီးပေါ် ကားများ ဆင့်ကဲတိုက်

ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့၏ အဝေးပြေးလမ်းမကြီးပေါ်၌ ကားအစီး ၆၀ခန့် ဆင့်ကဲ ယာဉ်တိုက်မှု ဖြစ်ပွားခဲ့သည်ကို မတ်၂၅ရက်က ဤသို့တွေ့ရသည်။
(အင်တာနက်ဓာတ်ပုံ)

ထိပ်တန်းမူးယစ်မှောင်ခိုကုန်သည် မက္ကဆီကို စစ်တပ်က ဖမ်းဆီး

မက္ကဆီကိုစီးတီး မတ် ၂၆

မက္ကဆီကိုနိုင်ငံတွင် ဖလန်ဒါဟု လူသိများသည့် ရော်လ်ဟာနန်ဒက်ဇ်ဘာရွန်ဆိုသူ ထိပ်တန်းမူးယစ်ဆေးဝါးကုန်သည်တစ်ဦးအား စစ်တပ်က ဖမ်းဆီးခဲ့ကြောင်း၊ ၎င်းသည် မူးယစ်ဆေးဝါးလုပ်ငန်းများ လုပ်ဆောင်ရန် စစ်တပ်မှ ထွက်သွားခဲ့သူ စစ်သားဟောင်းတစ်ဦးဖြစ်ကြောင်း မက္ကဆီကို ကာကွယ်ရေးဝန်ကြီးဌာနက မတ်၂၃ရက်တွင် သတင်းတစ်ရပ်၌ ထုတ်ဖော်ပြသည်။

မူးယစ်ဆေးဝါးမှောင်ခို

မက္ကဆီကိုနိုင်ငံမြောက်ပိုင်း ဗာရာခရုဇ်ပြည်နယ်၌ မူးယစ်ဆေးဝါး မှောင်ခိုကုန်ကူးမှုကို ကြိုးကိုင်ခြယ်လှယ်နေသူ ဟာနန်ဒက်ဇ်အား မတ်၂၁ရက်က ဖမ်းဆီးနိုင်ခဲ့ကြောင်း ယင်းသတင်းက ဆိုသည်။

သိမ်းဆည်းရမိ

ဟာနန်ဒက်ဇ်နှင့်အတူ အေအာရ်ရိုင်ဖယ်တစ်လက်၊ ယမ်းတောင့် ၁၅၀၊ ကိုးမီလီမီတာ လက်လုပ်သေနတ်တို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

တပ်မတော်အစိုးရလက်ထက် ဖွံ့ဖြိုးတိုးတက်လာသော ဆက်သွယ်ရေးကဏ္ဍ

(၆၃)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြု

ပြည်တွင်းပြည်ပ ဆက်သွယ်မှု လုပ်ငန်း အချိန်နှင့်တစ်ပြေးညီ လွယ်ကူလျင်မြန်စေရေး၊ သတင်းနှင့် ဆက်သွယ်မှု နည်းပညာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရန်ကုန်မြို့တွင် တည်ဆောက် ဖွင့်လှစ်ထားသော သတင်းအချက်အလက် ဆက်သွယ်မှု နည်းပညာဌာနကို ဤသို့ တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း- မြန်မာ့အလင်း)



မွန်ပြည်နယ် ကျိုက္ကမီမြို့တွင် တည်ဆောက်ထားသော အော်တို တယ်လီဖုန်း ဆက်သွယ်ရေး စခန်းက ပြည်နယ်နှင့် တိုင်းများရှိ တိုင်းရင်းသား ညီအစ်ကိုများထံ ဆက်သွယ်ပြောဆိုရာတွင် ပိုမို အဆင်ပြေ ချောမွေ့လျက်ရှိသည်။

(ဓာတ်ပုံမှတ်တမ်း- မြန်မာ့အလင်း)

စဉ်	အကြောင်းအရာ	၁၉၈၈	၂၀၀၇	တိုးတက်မှု
၁	စာတိုက်စခန်း	၁၁၁၄	၁၃၅၆	၂၄၂
၂	ကြေးနန်းရုံး	၃၁၀	၅၀၄	၁၉၄
၃	**တယ်လီဖုန်းလုပ်ငန်း**			
	-တယ်လီဖုန်းရုံး	၂၄၅	၈၉၁	၆၄၆
	-လိုင်းအင်အား	၇၁၈၅၅	၇၄၇၅၆၅	၆၇၅၇၁၀
	-အော်တို/လက်လှည့်အိတ်ချိန်း	၂၄၅	၆၅၀	၄၀၅
	-ကျေးလက်တယ်လီဖုန်းအိတ်ချိန်း	-	၂၄၁	၂၄၁
	-တိုက်ရိုက်လိုင်း	၆၇၀၁၆	၆၅၉၃၁၃	၅၉၂၂၉၇
	-အော်တို/လက်သုံးတယ်လီဖုန်း	၆၇၀၁၆	၈၇၆၃၆	၂၀၆၂၀
	-ARTS ရေဒီယိုတယ်လီဖုန်း	-	၃၉၈၁	၃၉၈၁
	-CDMA တယ်လီဖုန်း	-	၁၀၃၉၀	၁၀၃၉၀
	-D-AMPS တယ်လီဖုန်း	-	၂၃၇၁၀	၂၃၇၁၀
	-DECT ရေဒီယိုတယ်လီဖုန်း	-	၂၅၇၄	၂၅၇၄
	-GSMဆယ်လ်လူလာတယ်လီဖုန်း	-	၂၁၁၈၁၂	၂၁၁၈၁၂
၄	မိုက္ကရိုဝေ့ဗ်စခန်း	၇၁	၂၃၂	၁၆၁
၅	အင်တာနက်	-	၇၇၇၂	၇၇၇၂
၆	ပြည်ပဂြိုဟ်တုဆက်သွယ်ရေးမြေပြင်စခန်း	၁	၃	၂
၇	ပြည်ပဂြိုဟ်တုဆက်သွယ်ရေးချန်နယ်	၂၆	၅၄၃	၅၁၇
၈	အပြည်ပြည်ဆိုင်ရာတယ်လီဖုန်းချန်နယ်	၂၆	၂၀၃၁	၂၀၀၅

တိုင်းရင်းသားညီနောင်များ ဆက်သွယ်မှု လွယ်ကူချောမွေ့စေရန်အတွက် ကယားပြည်နယ် လွိုင်ကော်မြို့၌ တည်ဆောက်ပေးထားသည့် ဆက်သွယ်ရေး စခန်းကို ဤသို့ တွေ့နိုင်သည်။

(ဓာတ်ပုံမှတ်တမ်း- မြန်မာ့အလင်း)

ရတနာပုံ တယ်လီပို့

မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် ရတနာပုံမြို့သစ်တွင် အသစ်တည်ဆောက်ထားသော ရတနာပုံ တယ်လီပို့ပင်မ အဆောက်အအုံကို ဤသို့ ခံ့ညားထည်ဝါစွာ တွေ့နိုင်သည်။

(ဓာတ်ပုံမှတ်တမ်း- မြန်မာ့အလင်း)

27-3 (07).pmd 1 3/27/2008, 12:29 AM

တိဘက်ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ၌ ဖြစ်ပွားခဲ့သည့် ဖြစ်ရပ်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရသဘောထားထုတ်ပြန်

နေပြည်တော် မတ် ၂၆

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့သည် သမိုင်းတစ်လျှောက်လုံး အိမ်နီးချင်းကောင်းပီသမှု၊ အပြန်အလှန်နားလည်မှုနှင့် ဆွေမျိုးပေါက်ဖော်သဖွယ် ရင်းနှီးမှုတို့ကို အခြေခံသည့် အစဉ်အလာအရ ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးကို ထိန်းသိမ်းထားရှိကြသည်။

အခြေခံထား

နှစ်နိုင်ငံကြား ရှိရင်းစွဲ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးသည် တစ်နိုင်ငံ၏ ပြည်တွင်းရေးတွင် တစ်နိုင်ငံက ဝင်ရောက်မစွက်ဖက်ရေးဟူသော အရေးပါသော အခြေခံမူကြီးလည်းပါဝင်သည့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ်ကို အခြေခံထားသည်။

သို့ဖြစ်၍ မကြာမီက တိဘက်ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ၌ ဖြစ်ပွားခဲ့သည့် ဖြစ်ရပ်များသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ပြည်တွင်းရေးသက်သက်သာဖြစ်သည်ဟု ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအနေဖြင့် သဘောထားရှုမြင်သည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရအနေဖြင့် ရင်ဆိုင်နေရသည့်စိန်ခေါ်မှုများကို ၎င်း၏ ဉာဏ်အမြော်အမြင်ကြီးမားမှုဖြင့် အောင်မြင်စွာကျော်လွှားနိုင်ပြီး ပြည်တွင်းငြိမ်းချမ်းမှုနှင့် တည်ငြိမ်မှုကို ထိန်းသိမ်းနိုင်လိမ့်မည်ဟု မြန်မာနိုင်ငံက အပြည့်အဝယုံကြည်သည်။

ဆန့်ကျင်

ထို့အပြင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအနေဖြင့် တိဘက်မှ ဖြစ်ရပ်များအား ပေကျင်း အိုလံပစ်အားကစားပွဲတော်နှင့် ဆက်စပ်ရန် ကြိုးပမ်းမှုမှန်သမျှကို နိုင်ငံတကာအသိုင်းအဝိုင်းနှင့်အတူ ဆန့်ကျင်ကြောင်းကိုလည်း ဖော်ပြသည်။

(သတင်းစဉ်)

စာမျက်နှာ ၃ မှ

နိုင်ငံတော်အကြီးအကဲက သဘာဝ ရေ၊ မြေ၊ တောတောင်များနှင့် ပြည့်စုံသည့် နေပြည်တော်တွင် အခြားနိုင်ငံများရှိ မြို့တော်များနည်းတူ ခေတ်မီနိုင်ငံတကာအဆင့်မီ တိရစ္ဆာန်ဥယျာဉ်တစ်ခုတည်ထောင်ရန် လမ်းညွှန်မှာကြားချက်နှင့်အညီ ယနေ့ဖွင့်လှစ်သည့် တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)ကို ၂၀၀၇ ခုနှစ် စက်တင်ဘာ ၁၈ ရက်တွင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ သစ်တောရေးရာဝန်ကြီးဌာန၏ ဦးဆောင်ကြီးကြပ်မှုဖြင့် အချိန်ကာလ ခုနစ်လနှင့် ယခုကဲ့သို့ နိုင်ငံတကာအဆင့်မီ တိရစ္ဆာန်ဥယျာဉ်တစ်ခုကို ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်သည့်အတွက် ဂုဏ်ယူဝမ်းမြောက်ဖွယ်ဖြစ်ကြောင်း။

စိမ်းစိုလှပ

တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)သည် ရန်ကုန်–မန္တလေး ကားလမ်းအနီးတွင် တည်ရှိသောကြောင့် သွားလာမှုလွယ်ကူသည့်အပြင် မြန်မာနိုင်ငံ၏ အလယ်ပိုင်း၌ရှိနေသည့် နေပြည်တော်ပတ်ဝန်းကျင်က ဒေသခံတိုင်းရင်းသားပြည်သူများ ထူးထူးခြားခြားမြင်တွေ့နိုင်ရန် တွေ့ရှိဖို့ခက်ခဲသော ကျားဖြူ၊ သားပိုက်ကောင်နှင့် ပင်ဂွင်ငှက်များအပါအဝင် တိရစ္ဆာန်အမျိုးပေါင်း ၈၁ မျိုး၊ အရေအတွက်အားဖြင့် ၄၂၃ ကောင် ထိန်းသိမ်းထားရှိကြောင်း၊ ထို့အပြင် သဘာဝအလှအပများနှင့် ပသာဒစုံလှသည့် တိရစ္ဆာန်ဥယျာဉ်အဖြစ် စီမံထားရှိသည့်အတွက် ပြည်တွင်းပြည်ပ ခရီးသွားများ ဝင်ရောက်အနားယူလေ့လာနိုင်မည့် စိမ်းစိုလှပ သဘာဝအိုအေစစ်သဖွယ် နေရာကောင်းလေးတစ်ခုဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

နိုင်ငံတော်ကြီးကို ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံတော်အစိုးရနှင့် ပြည်သူများသည် တက်ညီလက်ညီ အားသွန်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် အသိပညာရှင်၊ အတတ်ပညာရှင်၊ စီးပွားရေးပညာရှင်နှင့် လုပ်ငန်းရှင်များ၊ ဝန်ထမ်းများနှင့် အလုပ်သမားများသည် မိမိတို့၏အခန်းကဏ္ဍအလိုက် မိမိတို့လုပ်ငန်းခွင်အတွင်းတွင် နေ့၊ ညအချိန်ပြည့် ကြိုးပမ်းအားထုတ်ကာ တိုးတက်မှု

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်) ပင်ဂွင်ငှက်ပြကွက်ကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

အရှိန်အဟုန်ကို မြှင့်တင်ဆောင်ရွက်လျက်ရှိခြင်းကြောင့် စိတ်ပိုင်းဆိုင်ရာ အေးချမ်းသက်သာမှုကို ဖော်ဆောင်ပေးရန် လိုအပ်လာပြီး ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ပတ်ဝန်းကျင် လူနေထူထပ်လာသည်နှင့်အမျှ အပန်းဖြေအနားယူရန် နေရာများလည်း အစဉ်လိုအပ်နေသည်ဖြစ်ကြောင်း။

ဝိုင်းဝန်းထိန်းသိမ်း

ထို့ကြောင့် ပြည်သူများစိတ်ချမ်းမြေ့ပျော်ရွှင်စွာ အပန်းဖြေနိုင်ရန်အတွက် တိရစ္ဆာန်ဥယျာဉ်များ၊ ပန်းဥယျာဉ်များနှင့် ကစားကွင်းများကို နိုင်ငံတော်အစိုးရမှ စေတနာဖြင့် ငွေကုန်ကြေးကျခံကာ တည်ဆောက်ပေးထားပြီးဖြစ်သည့်အတွက် အဆိုပါဥယျာဉ်များ၊ ကစားကွင်းများ ရေရှည်တည်တံ့အောင် ပြည်သူများက ဝိုင်းဝန်းထိန်းသိမ်းပေးကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ပူးပေါင်းဆောင်ရွက်

ထို့နောက် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်) တည်ဆောက်မှုအခြေအနေများကို ရှင်းလင်းပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲက အနာဂတ်မျိုးဆက်သစ်များအတွက် လူမှုပတ်ဝန်းကျင်ပြယုဂ်ကောင်းတစ်ခုအဖြစ်ဖန်တီးတည်ထောင်ရန် လမ်းညွှန်ချက်နှင့်အညီ သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာအဆင့်မီ တိရစ္ဆာန်ဥယျာဉ်တည်ဆောက်ပြီး နေပြည်တော်၏ ဂုဏ်အင်္ဂါမြှင့်တင်ရန်၊ နေပြည်တော်ရှိ ပြည်သူများနှင့် ဝန်ထမ်းများသာမက နိုင်ငံတော်အတွင်းရှိ ပြည်သူများ လာရောက်အပန်းဖြေနိုင်ရန်၊ ပြည်တွင်းပြည်ပမှ စိတ်ပါဝင်စားသူများ လာရောက်လေ့လာနိုင်ရန် စသည့် ရည်ရွယ်ချက်များ ချမှတ်ပြီး သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် ၂၀၀၇ ခုနှစ် စက်တင်ဘာ ၁၈ ရက်မှစတင်ပြီး လက်ရှိတိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)တည်ရှိရာမြေနေရာကိုရွေးချယ်၍ မူလတောရိုင်းမြေနှင့် ကျောက်တောင်များအတွင်း ခေတ်မီ အဆင့်မြင့်တိရစ္ဆာန်ဥယျာဉ်ကြီး တည်ဆောက်နိုင်ရေးအတွက် ကျွမ်းကျင်ပညာရှင်များ ပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း။

တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)၏ အကျယ်အဝန်းမှာ ၆၁၂ ဧကရှိပြီး အဓိကအားဖြင့် နို့တိုက်သတ္တဝါ ၃၉ မျိုး၊ ကျေးငှက် မျိုး ၃၀၊ တွားသွားသတ္တဝါ ၁၂ မျိုး စုစုပေါင်း ၈၁ မျိုး၊ ၄၂၃ ကောင်ကို တိရစ္ဆာန်ပြကွက် ၂၇ ကွက်ဖြင့် ပြသထားပါကြောင်း၊ ပြသထားသော တိရစ္ဆာန်များထဲတွင် မြန်မာနိုင်ငံအတွင်းမှ ထင်ရှားသည့် ရှားပါးသတ္တဝါများသာမက ကမ္ဘာ့ရှားပါးတိရစ္ဆာန်များဖြစ်သည့် ပင်ဂွင်ငှက်၊ ကျားဖြူ၊ သားပိုက်ကောင် စသည်များလည်း ပါဝင်ကြောင်း။

အလေးထားကြိုးပမ်း

သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် လက်ရှိတည်ဆောက်ပြီး တိရစ္ဆာန်ဥယျာဉ်များကို စနစ်တကျ ထိန်းသိမ်းဆောင်ရွက်ခြင်းသာမက ယနေ့ဖွင့်လှစ်သော တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)ကြီး အစဉ်အမြဲ တိုးတက်သစ်လွင်ပြီး ရေရှည်တည်တံ့ခိုင်မြဲရေးကိုလည်း အထူးအလေးထား ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း စသည်ဖြင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် ထိုင်း–မြန်မာ နှစ်နိုင်ငံ တိရစ္ဆာန်လဲလှယ်ခြင်း ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်အရ ထိုင်းနိုင်ငံ တိရစ္ဆာန်များဥယျာဉ်အဖွဲ့ (Zoological Park Organization) မှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr.Wisid Wichasilpaက ပင်ဂွင်ငှက်တစ်စုံနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ရာ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ဝန်ကြီး ဗိုလ်ချုပ်ဒွေးဦး၊ ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်တို့သည် တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် မင်္ဂလာအချိန်ကျရောက်သည်နှင့် အတွင်းရေးမှူး(၁)က တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်) ပင်မ အဝင်မုခ်ဦးကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

သရုပ်ဖော်ကပြ

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကမ္ဘည်းမော်ကွန်းနေရာသို့ သွားရောက်နေရာယူကြရာ နေပြည်တော် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် ရေဆင်း အခြေခံပညာအထက်တန်းကျောင်းတို့မှ ကျောင်းသား ကျောင်းသူလေးများက တေးသံသာများဖြင့် တိရစ္ဆာန်မျိုးစုံဝတ်ရုံများဝတ်ဆင်၍ သရုပ်ဖော် ကပြဖျော်ဖြေ ဧည့်ခံကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်) ကမ္ဘည်းမော်ကွန်းကို အမွှေးနံ့သာများဖြင့် ပက်ဖျန်းပေးကြပြီး ဖွင့်ပွဲအခမ်းအနားကို အောင်မြင်စွာရုပ်သိမ်းလိုက်သည်။

ကြည့်ရှုလေ့လာ

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်) ဆင်စခန်းသို့ ရောက်ရှိကြပြီး ဆင်လိမ္မာများ၏ စစ်ကြောင်းပုံဖြင့် ချီတက်သရုပ်ပြကွက်၊ ဆင်စခန်း အလံတင်ပြကွက်၊ သစ်တုံးပေါ်တက်ပြီး နောက်ထိုင် ရှေ့လက်မြှောက် နှာမောင်းမြှောက်၍ ဂါရဝပြုခြင်း ပြကွက်၊ သစ်တုံးပေါ် ကျော်လှမ်းသွားသည့် လမ်းလျှောက်ပြကွက်၊ ဆင်လိမ္မာများက တုံးနှစ်တုံးစီပေါ် ခွရပ်ပြီး ကျန်ဆင်လိမ္မာများငုပ်လျှိုး၍ မိချောင်းတွားသွားပြခြင်း ပြကွက်၊ ဆင်တစ်စီးချင်းစီ၏ ထူးခြားပြကွက်၊ ဆင်ဦးစီးများအား နှာမောင်းပေါ်တင်၍ လမ်းလျှောက်ပြကွက်၊ ဆင်ဦးစီးများ ဆင်ကျောကုန်းပေါ် မတ်တပ်ရပ်စီးခြင်းပြကွက်၊ ဆင်လိမ္မာများ၏ ဘောလုံးကန်ပြကွက်များကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)သည် ဆင်လိမ္မာအဖွဲ့ကို ဂုဏ်ပြုပန်းခြင်း ဆုချီးမြှင့်သည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဆင်လိမ္မာများအား အစာများ ကျွေးမွေးကြသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဘာဂီယာဉ်များဖြင့် အာရှသမင်ဖြတ်လမ်း၊ ခွေးအ ကျွန်း၊ နွားနောက်၊ မျောက်တံငါပြကွက်တို့ကို လှည့်လည် ကြည့်ရှုကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကျားဖြူပြကွက်အတွင်းသို့ လည်းကောင်း၊ ညဥ့်ထွက် သတ္တဝါပြကွက်နှင့် တွားသွားသတ္တဝါပြကွက်၊ ပင်ဂွင်ငှက် ပြကွက်များသို့ လည်းကောင်း လှည့်လည်ကြည့်ရှုအားပေးကြပြီး နံနက် ၁၁ နာရီတွင် ပြန်လည်ထွက်ခွာသွားကြသည်။

နေပြည်တော် တိရစ္ဆာန်ဥယျာဉ်သည် တိရစ္ဆာန်များ၏ စရိုက်သဘာဝနှင့် ကိုက်ညီသည့် ပတ်ဝန်းကျင်၊ လုံလောက်သော နေရာအကျယ်အဝန်းဖြစ်စေရန် ဖန်တီးပေးထားသည့် Open Zoo ဖြစ်သည်။

စိတ်ကြည်သာချမ်းမြေ့

တိရစ္ဆာန်ဥယျာဉ်ကို ဧပြီ ၁ ရက်မှစတင်၍ နေ့စဉ်နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိ ဖွင့်လှစ်ထားမည်ဖြစ်ပြီး တိရစ္ဆာန်လိမ္မာစွမ်းရည်ပြပွဲများကို စနေ၊ တနင်္ဂနွေနေ့များတွင် ပြသမည်ဖြစ်သည်။

သဘာဝရေကန်ငယ်များ၊ သဘာဝ သစ်ပင်တောအုပ်များ၊ မိသားစုများနှင့် ကလေးငယ်များ ဗဟုသုတတိုးပြီး စိတ်ကြည်သာချမ်းမြေ့စေရန်အတွက် ပညာပေးပြခန်း၊ ခေတ်မီ ကလေးကစားကွင်း၊ အဆင့်မြင့်စားသောက်ဆိုင်များ၊ အမှတ်တရပစ္စည်းအရောင်းဆိုင်များကိုလည်း တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)၌ ထည့်သွင်းစီစဉ်ထားသည်။

ဆင်စခန်းအတွင်း ဆင်အပျော်စီးခြင်း၊ ညနေဆည်းဆာ မီးအလှဆင်ခြင်းများကိုလည်း ကားရထားဖြင့် လှည့်လည်ကြည့်ရှုနိုင်ရန် စုံလင်စွာ စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

အပန်းဖြေကြည့်ရှု

တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်) ဖွင့်ပွဲပြီးသည်နှင့် တစ်ပြိုင်တည်း အနယ်နယ်အရပ်ရပ်မှ ပြည်သူအင်အား နှစ်သိန်းခန့် ဝင်ရောက်အပန်းဖြေကြည့်ရှုအားပေးကြသည်။

မွန်းလွဲပိုင်းနှင့် ညနေပိုင်းတို့တွင် တေးဂီတဖျော်ဖြေပွဲများဖြင့် ဧည့်ခံရာ ပြည်သူများ ထောင်သောင်းချီ၍ ကြည့်ရှုအားပေးကြသည်။ အနယ်နယ်အရပ်ရပ်မှ လာရောက်အားပေးခြင်းကြောင့် တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်) တစ်မိုင်ပတ်ဝန်းကျင်အတွင်း ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)သို့ အနယ်နယ် အရပ်ရပ်မှ ပြည်သူများ လာရောက်အပန်းဖြေကြစဉ်။ (သတင်းစဉ်)

✳ ကျောဖုံးမှ

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် အဆင့်မြင့် ဈေးသစ်ကြီးအတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးပြီး တိုင်းမှူးက တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ဖွင့်လှစ်ရောင်းချ

အဆိုပါ အဆင့်မြင့်ဈေးသစ်ကြီး၌ သုံးထပ် ဖက်ရှင်စတိုးဆိုင် လေးဆိုင်၊ စားသောက်ဆိုင် ၃၆ ဆိုင်၊ နှစ်ထပ်စတိုးဆိုင် ၄၈ ဆိုင်၊ ဈေးအပြင်တန်း ဆိုင်ခန်း ၁၆၀၊ ဈေးအတွင်းဆိုင်ခန်း ၂၅၆ ခန်း၊ ပုံကျဈေးဆိုင်ခန်း ၂၆၀၊ ငါးပိ/ငါးခြောက်နှင့် သားငါး ဈေးဆိုင်ခန်း ၉၀ စုစုပေါင်း ဈေးဆိုင်ခန်း ၈၅၄ ခန်းဖြင့် ရောင်းဝယ်ဖောက်ကားနေပြီး အဆင့်မြင့်ဈေး၌ ဈေးရောင်းချလိုသူများအနေဖြင့် ရောင်းချလိုသည့် ကုန်ပစ္စည်းအမျိုးအစားအလိုက် ဆိုင်ခန်းများကို လွတ်လပ်စွာ အရစ်ကျ ဝယ်ယူဖွင့်လှစ်ရောင်းချနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရေ မြေ တောတောင်၊ ပန်းမန်များ၏ သဘာဝအလှနှင့် တိရစ္ဆာန်တို့၏သဘာဝကို လေ့လာနိုင်မည့် တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)

တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)ရှိ ငန်းမြွေများကလည်း ရင်ဖိုစရာ။ (သတင်းစဉ်)

တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်) သို့ လာရောက်သူများ စိတ်ရွှင်လန်းစေမည့် ရေပန်းအလှများကို ဤသို့ တွေ့ရသည်။ (သတင်းစဉ်)

ဟိမဝန္တာဝက်ဝံ

ဟိမဝန္တာဝက်ဝံကို တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်) ၌ တွေ့ရသည်။ (သတင်းစဉ်)

တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)၌ မျောက်မောင်နှမကိုလည်း ဤသို့ တွေ့ရသည်။ (သတင်းစဉ်)

တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)၏အကျယ်အဝန်း	–	၆၁၂ ဧက
နို့တိုက်သတ္တဝါ	–	၃၉ မျိုး
ကျေးငှက်မျိုးပေါင်း	–	၃၀ မျိုး
တွားသွားသတ္တဝါ	–	၁၂ မျိုး
တိရစ္ဆာန်ပြကွက်	–	၂၇ ကွက်
တိရစ္ဆာန်ကောင်ရေ	–	၄၂၃ ကောင်

ဆင်လိမ္မာများ

တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်) ဆင်စခန်းတွင် ဆင်လိမ္မာများ စွမ်းရည်ပြသမှုကိုလည်း ကြည့်ရှုနိုင်သည်။ (သတင်းစဉ်)

ရေမြင်း

အစာတောင်းနေသော ရေမြင်းကြီးကိုလည်း ဤသို့ တွေ့ရသည်။ (သတင်းစဉ်)

တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)အဝင်မုခ်ဦးကို ဤသို့ လှပခံ့ညားစွာ တွေ့ရသည်။

27-3 (09) 1 3/27/08, 2:11 AM

ခံစားသူရင်ကို ရသအပြည့်အဝ ပေးစွမ်းနိုင်သည့် Frame Less ပန်းချီပြပွဲ

အနုပညာရှုခင်း - မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)၊ စာမျက်နှာဖွဲ့စည်းမှု - သန်းဇော်

ရန်ကုန် မတ် ၂၆

ခံစားမှုရသကို ပေးစွမ်းနိုင်တဲ့ပန်းချီကားတစ်ချပ်ကို အိုအေစစ်လေး တစ်ခုလို သတ်မှတ်ရင်တော့ ရသမြောက် ပန်းချီကားတွေချည်းပြသထားတဲ့ ပန်းချီပြပွဲဟာ ဘဝအမောတွေပြေစေမယ့် အိုအေစစ်ကြီးတစ်ခုလို့ တင်စားရမလို ဖြစ်ပါတယ်။

ခင်းကျင်းပြသ

အဲဒီလို ပန်းချီကားတွေချည်း ပြသထားတဲ့ "Frame Less Contemporary Art Show" လို့ အမည်ပေးထားတဲ့ ပန်းချီပြပွဲတစ်ရပ်ကို ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ကိုယ့်မင်းကိုယ့်ချင်းလမ်းမှာ ရှိတဲ့ အလင်္ကာပန်းချီ ပြခန်းမှာ မတ် ၂၅ ရက်မှ ၂၉ ရက် အထိ ခင်းကျင်းပြသလျက်ရှိပါတယ်။

စနစ်တကျ

နောက်ထပ် စိတ်ဝင်စားစရာကောင်းတဲ့ ပန်းချီကားကတော့ ကေမိုးကိုရဲ့ **"လေထဲက ကျောက်တုံး"** လို့ အမည်ပေးထားတဲ့ ပန်းချီကားပါ။ ဖန်ဂေါ်လီလုံးရဲ့ ကြည်လင်မှု အလင်း၊ အစိမ်းရောင်ကျောက်တုံးရဲ့ ကျစ်လျစ်သိပ်သည်းတဲ့ အစိုင်အခဲ သဏ္ဌာန်ကို ပန်းချီဆရာ စိတ်ကူးအတိုင်း လေထဲကြွနေအောင် အောက်ခံ မီးခိုးရောင်အနုအရင့်ကို စုတ်ချက်အဖိအဖော့တွေနဲ့ အရောင်တွေကို စနစ်တကျ သုံးစွဲထားမှုက ပန်းချီကားကို ရုပ်လုံးကြွနေစေပါတယ်။



လေထဲက ကျောက်တုံးဟု အမည်ပေးထားသည့် ကေမိုးကို၏ ပန်းချီကားက ရုပ်လုံးကြွပုံဖော်နေသည်။ (မြန်မာ့အလင်း)

လက်ရာစုံ

ပန်းချီဆရာ ကိုးဦးဖြစ်တဲ့ လှထွဏ်း၊ ပိုးဒီလွန်၊ ကျော်သူရှိန်၊ အမ်တူး၊ ကျော်မင်းဟန်၊ ဝင်းကျော်ထက်၊ မင်းသူရိန်၊ ကေမိုးကို၊ မောင်နေကြည်တို့ရဲ့ ပန်းချီကားပေါင်း ၆၀ ကို ပြခန်းအတွင်းမှာ ချိတ်ဆွဲပြသထားပါတယ်။ ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ်၊ Collage(Mix Midea) နဲ့ ကတ္တီပါပေါ်မှာ ရေးဆွဲထားတဲ့ ပန်းချီကားတွေဖြစ်တာမို့ လက်ရာစုံ၊ အရောင်စုံ၊ အတွေးအခေါ် အယူအဆအစုံကို မြင်တွေ့ရပါတယ်။

ပုဂံဒေသ

ပြခန်းအတွင်း လှေ့လာတဲ့အခါ ပန်းချီလှထွဏ်းရဲ့ **"စက္ကူပန်း"**လို့ အမည်ပေးထားတဲ့ အခရိုင်းလစ်နဲ့ ရေးဆွဲထားတဲ့ ပန်းချီကားဟာ ပုဂံမှာရှိတဲ့ စေတီတစ်ဆူရဲ့အနီးက စက္ကူပန်းရုံရဲ့အလှကို ဖော်ကျူးထားတာတွေ့ရပါတယ်။ စက္ကူပန်းရဲ့သဘာဝအလှ၊ အလင်းနဲ့ထိတွေ့ထားတဲ့ စက္ကူပန်းနဲ့ အလင်းနဲ့မထိတွေ့တဲ့ စက္ကူပန်းတွေရဲ့ မတူညီတဲ့အလှကို ပုဂံဒေသရဲ့ ပုန္နေးရောင်တွေအားပြုပြီး ခြယ်မှုန်းထားတာဖြစ်လို့ ရသမြောက်တဲ့ ပန်းချီကားတစ်ချပ်ပါပဲ။

ပန်းချီလှထွဏ်း ရေးဆွဲထားသော စက္ကူပန်းလို့ အမည်ပေးထားတဲ့ ပန်းချီကားကလည်း ပန်းရုံရဲ့အလှကို ဖော်ကျူးထားသည်။
(မြန်မာ့အလင်း)

လက်ရာမြောက်

ပန်းချီအမ်တူးရဲ့ **"မှော်ဝင်ကြိုး"** လို့ အမည်ပေးထားတဲ့ ပန်းချီကားက တစ်မျိုး တစ်ဘာသာ ဖြစ်ပါတယ်။ ကတ္တီပါစကို အသုံးပြုထားပြီး ကတ္တီပါပေါ်မှာရှိတဲ့ အမွေးတွေရဲ့ အားကိုယူကာ ပန်းချီပညာနဲ့ ပေါင်းစပ်ထားတဲ့ ပန်းချီကားပါပဲ။ ဒီပန်းချီကားမှာ ကြိုးဆွဲ ရုပ်သေးပုံတွေကို စပ်ပန်းချီနည်းနဲ့ လက်စွမ်းပြထားခြင်း ဖြစ်ပါတယ်။ ချည်ဆွဲချိတ်နည်းပညာတွေကို ရောနှောသုံးထားတာမို့ရုပ်သေးရုပ်တွေကို ဆွဲတဲ့ကြိုးဟာ ကြိုးအစစ်တွေဖြစ်ပါတယ်။ ဒီပန်းချီကားမှာ နားပန်၊ ဆံညှပ်၊ ကြိုးတွေဟာ အစစ်တွေဖြစ်ပြီး ကြိုးဆွဲရုပ်သေးကို ဆန်းသစ်တဲ့ အယူအဆနဲ့ ဖော်ပြထားတာမို့ အံ့သြစရာ ကောင်းအောင် လက်ရာမြောက်လှပါတယ်။

ပန်းချီအမ်တူးရဲ့ မှော်ဝင်ကြိုး ပန်းချီကားကလည်း အံ့သြစရာ ကောင်းလောက်အောင် လက်ရာမြောက်လှသည်။
(မြန်မာ့အလင်း)

သရုပ်မှန်

နောက်ပန်းချီကားက ကျော်မင်းဟန်ရဲ့ **"ရှန်းကန်ခြင်း"** လို့ အမည်ပေးထားတဲ့ အခရိုင်းလစ်နဲ့ ရေးဆွဲထားတဲ့ ပန်းချီကားဖြစ်ပါတယ်။ ဦးပိန်တံတားပေါ်ကနေပြီး မြင်ရတဲ့ ကျွဲလှည်းတစ်စီးရဲ့ မြင်ကွင်းပါပဲ။ ရေပြင်မှာ ဖြတ်မောင်းနေတဲ့ ကျွဲလှည်းရဲ့ အပေါ်စီး မြင်ကွင်း ပန်းချီကားကို ကြည့်ပြီး ရုန်းကန်ရမှုတွေရဲ့ သရုပ်မှန်ကို မြင်တွေ့ရပါတယ်။



ရုန်းကန်ခြင်းဟု အမည်ပေးထားသည့်ပန်းချီ ကျော်မင်းဟန်၏ ပန်းချီကားကလည်း သဘာဝသရုပ်မှန်ကို မြင်တွေ့ရသည်။
(မြန်မာ့အလင်း)

ခံစားမှု

ဒီပန်းချီ ပြပွဲမှာ ခင်းကျင်း ပြသထားတဲ့ ပန်းချီကားတွေကတော့ အယူအဆ၊ အတွေးအခေါ်ကောင်းကောင်းနဲ့ လက်ရာမြောက် ပန်းချီကားတွေဖြစ်တာမို့ ကြည့်သူရင်ကို ခံစားမှုရသပေးစွမ်းနိုင်တဲ့ အကြောင်းနဲ့ သွားရောက်လေ့လာသင့်ပါကြောင်း အနုပညာသတင်းဖြန့်ခင်းပေးလိုက်ရပါတယ်။ ။

(မြန်မာ့အလင်း)

နိကာယ်ငါးရပ် ရွတ်ဖတ်ပူဇော်ပွဲကျင်းပမည်

ရန်ကုန် မတ် ၂၆

မကွေးတိုင်း အောင်လံမြို့နယ် ဝိသုဒ္ဓါရုံသာသနာပြု ရွှေကျောင်စာသင်တိုက်၌ ၁၃၆၉ခုနှစ် တပေါင်းလပြည့်ကျော် ၁၃ရက်၊ ဧပြီ၃ရက်(ကြာသပတေးနေ့)မှစ၍ ၁၃၇၀ပြည့်နှစ် ဦးတန်ခူးလဆန်း၁၃ရက်၊ ဧပြီ ၁၈ ရက်(သောကြာနေ့)အထိ ၁၅ရက်တိုင် (၁၁)ကြိမ်မြောက် နိကာယ်ငါးရပ် ရွတ်ဖတ်ပူဇော်ပွဲကြီးကျင်းပမည် ဖြစ်ရာ လှူဒါန်းလိုပါက ဖုန်း-၀၆၉-၂၁၁၁၆၊ ၂၁၈၉၃၊ ၂၁၃၀၅၊ ၂၁၄၉၈နှင့် ၂၁၃၃၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

တပ်မတော်နေ့ဂုဏ်ပြု (၅၇)ကြိမ်မြောက်သွေးလှူဒါန်း

ရန်ကုန် မတ် ၂၆

ပန်းတနော်မြို့ အနောက်ပိုင်း ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသိန်းအေး **(ယာပုံ)**သည် (၆၃)နှစ်မြောက် တပ်မတော်နေ့ကိုဂုဏ်ပြုသောအားဖြင့် အမျိုးသားသွေးလှူဌာန (ဘဏ်)တွင် မတ် ၁၂ရက်က (၅၇) ကြိမ်မြောက် သွေးလှူဒါန်းကြောင်း သိရသည်။

(က-ပ)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန်လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များမသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၈ ခုနှစ် မတ်လအတွက်နောက်ဆုံးပတ် (တနင်္ဂနွေနေ့)
၃၀-၃-၂၀၀၈ ရက်နေ့
၂၀၀၈ ခုနှစ် ဧပြီလအတွက်
၁၃-၄-၂၀၀၈ ရက်နေ့ နှင့် ၂၇-၄-၂၀၀၈ ရက်နေ့

မြန်မာ့ရုပ်မြင်သံကြား

၂၇-၃-၂၀၀၈ ရက်
(ကြာသပတေးနေ့)

နံနက်ပိုင်း

၆း၀၀	၁။	**(၆၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကျင်းပပုံ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်**
၈း၂၀	၂။	(၆၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈း၄၅	၃။	International News
၉း၀၀	၄။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲဆုရတေးများ
၄း၂၀	၃။	မျိုးမျိုးကြွကြွ ယဉ်ကျေးမှုအက
၄း၃၀	၄။	တေးဂီတအစီအစဉ်
၄း၄၀	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (ဓာတုဗေဒ အထူးပြု) [ဓာတုဗေဒ]
၄း၅၀	၆။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၅၅	၇။	**ရေမြင့်ကြာတင့်** ခန့်စည်သူ၊ ရော၊ ငှက်ပျောကြော်၊ မိုးပြည့်ပြည့်မောင် (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
၅း၀၀	၈။	(၆၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၅း၃၀	၉။	ကြေးမုံရိပ်သွင် တေးနုယဉ်
၅း၄၀	၁၀။	ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆း၀၀	၁၁။	ညနေခင်းသတင်း
၆း၃၀	၁၂။	မိုးလေဝသအခြေအနေ
၆း၃၅	၁၃။	တပ်မတော်နေ့ဂုဏ်ပြုအစီအစဉ် (တပ်မတော်နှင့်ပြည်သူ လက်တွဲကူဖွဲ့နှင့်ချီမည် ပြည်သစ်ဆီ) [တရုတ်ဘာသာ]
၆း၄၅	၁၄။	(၆၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၇း၀၀	၁၅။	နိုင်ငံခြားဇာတ်လမ်းတွဲ **လေဒီယာနှင့် ဆုံစည်းခြင်း** (အပိုင်း-၁၈)
၇း၅၀	၁၆။	ပြည်သူ့အတွက် တပ်မတော်
၈း၀၀	၁၇။	ပြည်တွင်းသတင်း
	၁၈။	နိုင်ငံတကာသတင်း
	၁၉။	မိုးလေဝသအခြေအနေ
	၂၀။	(၆၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
	၂၁။	နိုင်ငံခြားဇာတ်လမ်းတွဲ **ဘဝဆက်တိုင်း** (အပိုင်း-၁၁)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၇-၃-၂၀၀၈ (ကြာသပတေးနေ့)

AM & PM

၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	အစွမ်းထက်မြက်သော ဂါထာတော်များ(၂) [ဆရာတော် အရှင်ကဥ္စနော ဘာသ(မုဒ္ဒော-ကလေးဝ)]
၈း၁၀ - ၂း၁၀	နိဗ္ဗာန်ဆီသို့ .... အမေးအဖြေများ
၈း၃၀ - ၂း၃၀	တေးဂီတအစီအစဉ်
၈း၃၅ - ၂း၃၅	ပြည်တွင်းအနုပညာရေးရာ
၈း၅၅ - ၂း၅၅	သန့်ရှင်းလတ်ဆတ်သော ဆီသန့်မှသည် ကျန်းမာရေးဆီသို့
၉း၂၀ - ၃း၂၀	ပြည်တွင်းသတင်းအကျဉ်း
၉း၃၀ - ၃း၃၀	တေးဂီတအစီအစဉ်
၉း၃၅ - ၃း၃၅	လှူဒါန်းမှုမှသည် အသောကဓမ္မဗိမာန်ဆီသို့
၉း၅၅ - ၃း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၀ - ၄း၀၀	တေးဂီတအစီအစဉ်
၁၀း၀၅ - ၄း၀၅	အဖိုးတန်နွေ
၁၀း၂၅ - ၄း၂၅	မိုးလေဝသခန့်မှန်းချက်
၁၀း၃၀ - ၄း၃၀	ထိရောက်အကျိုးရှိသော စွမ်းအင်အသုံးချမှုမှသည်
၁၀း၅၀ - ၄း၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၀၀ - ၅း၀၀	မြန်မာနိုင်ငံမီးသတ်အဖွဲ့၏ ကာကွယ်ကယ်ဆယ်ရေး လုပ်ငန်းများ(အိမ်တွင်း)
၁၁း၂၅ - ၅း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၃၀ - ၅း၃၀	တေးဂီတအစီအစဉ်
၁၁း၃၅ - ၅း၃၅	ချစ်သောမြေ ချစ်သောရေ ရာဇာနေဝင်း၊ ခိုင်နှင်းဝေ (ဒါရိုက်တာ-ခင်နွဲ့နွဲ့မူ)
၁၁း၄၅ - ၅း၄၅	Myanmar ICT Exhibition 2008
၁၂း၁၀ - ၆း၁၀	တေးဂီတအစီအစဉ်
၁၂း၁၅ - ၆း၁၅	နေရာတိုင်းတွင်အသုံးဝင် ရှားစောင်းလက်ပပ်အပင်
၁၂း၃၅ - ၆း၃၅	တေးဂီတအစီအစဉ်
၁၂း၄၀ - ၆း၄၀	သဘာဝကပေးသော အကျိုးအာနိသင်
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ပထမတန်းကွင်းပိတ်ပြိုင်ပွဲ အမှတ်(၂)လျှပ်စစ်စွမ်းအားအသင်းဖိုလ်စွဲ အမှတ်ပေးချန်ပီယံ Air Bagan အသင်း ဒုတိယဆုဖြင့်သာ ကျေနပ်ခဲ့ရ

ရန်ကုန် မတ် ၂၆

၂၀၀၇-၂၀၀၈ ဘောလုံးရာသီ ပထမတန်းကွင်းပိတ်(ရှုံးထွက်)ဘောလုံးပြိုင်ပွဲ နောက်ဆုံးဖိုလ်လုပွဲအဖြစ် Air Bagan အသင်းနှင့် အမှတ်(၂)လျှပ်စစ်စွမ်းအားအသင်းတို့ မတ်၂၄ရက် ညနေ ၃နာရီခွဲက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ယှဉ်ပြိုင်ကစားကြရာ အမှတ်(၂) လျှပ်စစ်စွမ်းအားအသင်းက အချိန်ပိုတွင် သွင်းယူသောအနိုင်ဂိုး သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရဖိုလ်စွဲသွားသည်။

အနိုင်ရ

အမှတ်(၂)လျှပ်စစ်စွမ်းအားအသင်းမှာ အကောင်းဆုံး ခြေစွမ်းခြေစဖြင့် ပွဲစဉ်စဆုံး ယှဉ်ပြိုင်ကစားသွားနိုင်ပြီး Air Bagan အသင်း၏အမှားနှင့်ဟာကွက်များကို မိမိရရအသုံးချနိုင်ခဲ့၍ အနိုင်ရရှိသွားခြင်း ဖြစ်သည်။ Air Bagan အသင်းမှာ မတ် ၂၅ ရက်ပွဲတွင် အဖွင့်ဂိုး စတင်သွင်းယူနိုင်ခဲ့သော်လည်း ကွင်းလယ်မှ ဘောလုံးမထွက်ခြင်း၊ နောက်ခံလူများ အမှားများခြင်းကြောင့် အနိုင်မှအရှုံး ဖြစ်သွားရခြင်းဖြစ်သည်။

အမှတ်(၂) လျှပ်စစ်စွမ်းအားအသင်းမှာ ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့သလို လူငယ်အများစုဖြင့် ဖွဲ့စည်းထားသည့် Air Bagan အသင်းကလည်း ခပ်မာမာ တုံ့ပြန်ကစားခဲ့သည်။ မိနစ်၂၀တွင် အလယ်ကြောမှ ဖြတ်ပို့သောဘောလုံးကို ထက်ကျော်သူဝင်းက ဆွဲဝင်ပြီးကန်သွင်းလိုက်၍ Air Bagan ဂိုး စတင်ရရှိသွားသည်။ ဂိုးရပြီးနောက်ပိုင်းတွင် Air Bagan ၏ ကွင်းလယ်နှင့် ရှေ့တန်းချိတ်ဆက်မှုကို လျှပ်စစ်စွမ်းအားက ဟန့်တားနိုင်ခဲ့၍ လျှပ်စစ်တို့ပွဲကို စိုးမိုးလာနိုင်သည်။ ပထမပိုင်း ပြီးခါနီးတွင် ထောင့်ကန်ဘောမှ တစ်ဆင့် သိန်းဇော်က ချေပဂိုး ပြန်လည်သွင်းယူသွားသည်။

ချေပဂိုး

ဒုတိယပိုင်းတွင် လျှပ်စစ်စွမ်းအားအသင်းက ကစားကွက်အသာဖြင့် ဖိကစားနိုင်ခဲ့ပြီး ၁၉မိနစ်တွင် အေးမင်းဝင်းက ဒုတိယဂိုး ထပ်မံသွင်းယူသွားသည်။ ဂိုးပေးလိုက်ရ၍ Air Bagan ကစားအား ပြန်တင်လာရာ ခုနစ်မိနစ်အကြာမှာ ထောင့်ကန်ဘောမှတစ်ဆင့် ထွန်းထွန်းနိုင်က ချေပဂိုးပြန်လည်သွင်းယူလိုက်၍ အချိန်ပိုဆက်လက်ယှဉ်ပြိုင်ခဲ့ရသည်။ အချိန်ပိုအစပိုင်းတွင် Air Bagan နောက်ခံလူများ၏ အမှားမှတစ်ဆင့် အေးမင်းဝင်းက ဆွဲပြေးကာ ကန်သွင်းယူခဲ့သဖြင့် လျှပ်စစ်စွမ်းအား အနိုင်ဂိုး ရရှိသွားခဲ့ခြင်း ဖြစ်သည်။

ယခုနှစ်ဘောလုံးရာသီတွင် ပထမတန်း၌ အမှတ်(၂) လျှပ်စစ်စွမ်းအားအသင်းက ဒုတိယမြောက်ချန်ပီယံဆုဖလား ရရှိခဲ့ခြင်းဖြစ်ပြီး ယခုဖိုလ်လုပွဲမှာ ကွင်းဖွင့်ချန်ပီယံ လျှပ်စစ်စွမ်းအားနှင့် အမှတ်ပေးချန်ပီယံ Air Bagan တို့၏ ဒုတိယမြောက် ဆုဖလားရရှိရေး အားပြိုင်သည့်ပွဲတစ်ပွဲ ဖြစ်ခဲ့သည်။

တက်ရောက်ခွင့်

၂၀၀၇-၂၀၀၈ ဘောလုံးရာသီ ပထမတန်းပြိုင်ပွဲများ ပြီးဆုံးသွားပြီဖြစ်ရာ ကွင်းဖွင့်ပြိုင်ပွဲ၌ ပထမ အမှတ်(၂)လျှပ်စစ်စွမ်းအား၊ ဒုတိယ-တပ်မတော်(ရေ)၊ အမှတ်ပေးပြိုင်ပွဲ၌ ပထမ Air Bagan F.C၊ ဒုတိယ ဆက်/စာ/ကြေး၊ ကွင်းပိတ်ပြိုင်ပွဲ ပထမအမှတ်(၂)လျှပ်စစ်စွမ်းအား၊ ဒုတိယ Air Bagan F.C တို့ကရရှိခဲ့ပြီး ဂိုးသွင်းအများဆုံးဆုကို သွင်းဂိုး ၂၂ဂိုးဖြင့် တပ်မတော်(ရေ)မှ သန်းဝဏ္ဏအောင်က ရရှိခဲ့သည်။ လာမည့် ဘောလုံးရာသီ၌ အဆင့်မြင့်တန်းသို့ Air Bagan နှင့် ဆက်/စာ/ကြေးတို့ တက်ရောက်ခွင့်ရရှိထားသည်။

သတင်းဆောင်းပါးနှင့် ဓာတ်ပုံမှတ်တမ်း-ဖိုးသော်ဇင်

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်အမှတ်ပေးပြိုင်ပွဲ၌ ပထမဆုရရှိသည့် Air Bagan အသင်းအား တံခွန်စိုက်ဆုဖလား ချီးမြှင့်စဉ်။

ဖိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးတင်အောင်(ဂိုး)က အမှတ်ပေးပြိုင်ပွဲတွင် တတိယဆုရရှိသည့် တပ်မတော်(ရေ)အသင်းအား ငွေကျပ်ခြောက်သိန်းနှင့် ဒုတိယဆုရရှိသည့် ဆက်/စာ/ကြေး အသင်းအား ဆုတံဆိပ်နှင့် ငွေကျပ်၁၅သိန်းကို ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူးဦးတင်အောင်က အမှတ်ပေးပြိုင်ပွဲ၌ ပထမဆုရရှိသည့် Air Bagan အသင်းအား ဆုတံဆိပ်နှင့် ငွေကျပ်သိန်း ၂၀၊ ကွင်းပိတ်ပြိုင်ပွဲ၌ ဒုတိယဆုရရှိသည့် Air Bagan အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့်ငွေကျပ်ငါးသိန်းကိုလည်းကောင်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဘဏ္ဍာရေးမှူးဦးသန်းဇော်က ကွင်းပိတ်ပြိုင်ပွဲ ပထမဆုရရှိသည့် အမှတ်(၂)လျှပ်စစ်စွမ်းအားအသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေကျပ် ၁၀သိန်း၊ ဂိုးသွင်းအများဆုံး ဆုရရှိသည့် သန်းဝဏ္ဏအောင် တပ်မတော်(ရေ)အား ရွှေဘောလုံးဆုနှင့် ငွေကျပ်သုံးသိန်းကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေ အတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အမှတ်ပေးပြိုင်ပွဲ ပထမဆုရရှိသည့် Air Bagan အသင်းနှင့် ကွင်းပိတ်ပြိုင်ပွဲ၌ ပထမဆုရရှိသည့် အမှတ်(၂)လျှပ်စစ်စွမ်းအား အသင်းတို့အား တံခွန်စိုက်ဆုဖလားနှင့် ဆင့်ပွားဖလားတို့ကို ပေးအပ်ချီးမြှင့်သည်။ ။ **(မြန်မာ့အလင်း)**

GMS-IS စီမံကိန်းအရ ဆောင်ရွက်ခဲ့သည့် မြန်မာ-တရုတ် ဖိုင်ဘာဆက်ကြောင်း ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် မတ် ၂၆

မဲခေါင်ဒေသ ခြောက်နိုင်ငံ၏ သတင်းအချက်အလက်ဆက်သွယ်ရေး အမြန်ဆက်ကြောင်း စီမံကိန်းအရ ဆောင်ရွက်ခဲ့သည့် မြန်မာ-တရုတ် နယ်စပ်ဖြတ်ကျော် ဖိုင်ဘာဆက်ကြောင်း ဖွင့်ပွဲအခမ်းအနားကို မတ် ၁၂ရက် နံနက် ၉နာရီခွဲက ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့ရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အော်တိုအိတ်ချိန်းရုံး၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အထွေထွေမန်နေဂျာနှင့် တာဝန်ရှိသူများ၊ မူဆယ်ခရိုင်မှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဒေသခံတိုင်းရင်းသားများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Ministry of Information & Industry မှ Deputy General Director Mr. Qian Tingshuo နှင့် အဖွဲ့ဝင်များ၊ ASB, China Telecom နှင့် Yunnan Telecom တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

မဲခေါင်ဒေသ သတင်းအချက်အလက် ဆက်သွယ်ရေး အမြန်ဆက်ကြောင်း စီမံကိန်းကိုအကောင်အထည်ဖော်နိုင်ရန် ၂၀၀၄ ခုနှစ်တွင် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ ကျင်းပသောဝန်ကြီးအဆင့်အစည်းအဝေးအပြီးတွင် MoU လက်မှတ်ရေးထိုးခဲ့ပြီး စတင်အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်သည်။ ယခုစီမံကိန်းအရ မြန်နှုန်းမြင့် ဖိုင်ဘာဆက်ကြောင်း ၁၂ခုကို မဲခေါင်ဒေသအတွင်း နိုင်ငံများ၏ နယ်နိမိတ်များကို ဖြတ်ကျော် တည်ဆောက်သွားမည်ဖြစ်ရာ မြန်မာနိုင်ငံအပိုင်းတွင်မြန်မာ-တရုတ်ဖိုင်ဘာဆက်ကြောင်းနှင့်မြန်မာ-ထိုင်းဖိုင်ဘာဆက်ကြောင်းနှစ်ခု အပါအဝင်ဖြစ်သည်။

ဖွင့်လှစ်

မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းမှ အထွေထွေမန်နေဂျာနှင့်တရုတ်ပြည်သူ့သမ္မတနိုင်ငံ Ministry of Information & Industry မှ Deputy General Director Mr. Qian Tingshuo **(အောက်ဝဲပုံ)**က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဖွင့်ပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် အခမ်းအနား တက်ရောက်လာသူများက ဆက်ကြောင်းပေါ်မှ အသုံးပြုထားသော အပြည်ပြည်ဆိုင်ရာ တယ်လီဖုန်း ဝန်ဆောင်မှုများ၊ Internet သုံးစွဲမှုများ၊ Video Conferencing အသုံးပြုမှုများကို လက်တွေ့သုံးစွဲကြည့်ရှုကြပြီး မူဆယ်မြို့ အော်တိုအိတ်ချိန်းရုံးရှေ့ မြေကွက်လပ်တွင် အမှတ်တရ သစ်ပင်စိုက်ပျိုးကြသည်။

ယခု ဖွင့်လှစ်သည့် ဖိုင်ဘာဆက်ကြောင်းပေါ်တွင် Bandwidth Capacity STM-64(10Gb) အသုံးပြုနိုင်ပြီး အရန်ဆက်ကြောင်းအနေဖြင့် Micro Link ပေါ်တွင် STM-16(2.5Gb) အသုံးပြုနိုင်မည်ဖြစ်ရာ မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား သာမက မဲခေါင်ဒေသခြောက်နိုင်ငံစလုံးနှင့် နိုင်ငံတကာ တယ်လီဖုန်းလိုင်းသာမက အင်တာနက်နှင့် အခြား သတင်းအချက်အလက် ဝန်ဆောင်မှုများကို မြန်နှုန်းမြင့် ဆက်သွယ်နိုင်တော့မည် ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

တရားပွဲများ ကျင်းပမည်

ဖော့ကန်ဝါဥူးပရိယတ္တိစာသင်တိုက် သင်္ကြန်တွင်း တရားစခန်းဖွင့်မည်

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ဖော့ကန်ဝါဥူးပရိယတ္တိ စာသင်တိုက်၌ (၉)ကြိမ်မြောက် သင်္ကြန်အတွင်း ခုနစ်ရက် မဟာသတိပဋ္ဌာန်အလုပ်ပေး တရားစခန်းကို ဧပြီ ၁၁ရက်မှ ၁၇ရက်အထိ ခုနစ်ရက်ဟောကြား သင်ကြား၊ ပြသမည်ဖြစ်ရာ ယောဂီအဖြစ် စာရင်းပေးလိုသူများနှင့် လှူဒါန်းလိုသူများသည် ကျောင်းတိုက် ဖုန်း-၆၄၅၆၉၆ သို့ ဆက်သွယ်နိုင်ပြီး ယောဂီစာရင်းကို ဧပြီ ၁၁ရက်ညနေ ၆နာရီအထိ လက်ခံမည်ဟု သိရသည်။ (က-ပ)

ရွှေသန်လျင်ဆရာတော်ဓမ္မသဘင်

သန်လျင်မြို့နယ် လဟာယက်ကျောင်းတိုက် ပဓာန နာယက သာသနဓဇ ဓမ္မာစရိယ ဝိနယဝိဒူ ကမ္မဋ္ဌာနာစရိယ နယ်လှည့်သာသနာပြုဓမ္မကထိက ရွှေသန်လျင်ဆရာတော် အရှင်မေဃိယသည် မတ် ၂၉ရက်တွင် ဒဂုံဆိပ်ကမ်း သိန်းကျော်သူ အုတ်၊သဲ၊ ကျောက်ရောင်းဝယ်ရေးဒိုင်တရားပွဲ၊ ဧပြီ၂ရက်တွင် သန်လျင်မြို့ ကန်သာယာအလှူတရားပွဲ၊ ၃ရက်တွင် သန်လျင်ဥယျာဉ်ရွာ အလှူတရားပွဲ၊ ၄ရက်တွင် လဟာယက်ရွာ အလှူတရားပွဲ၊ ၅ရက်တွင် ရန်ကုန်မြို့ မြေနီကုန်း ဓမ္မာရုံအထူးတရားပွဲ၊ ၈ရက်တွင် ရန်ကုန်မြို့ ဦးသန်းအောင် ဘုရားပူဇော်ပွဲ၊ ၉ ရက်တွင် သန်လျင်မြို့ ဓမ္မရောင်ခြည်တရား ပြန့်ပွားရေး အထူးတရားပွဲ၊ ၁၀ရက်တွင် သန်လျင်ဥယျာဉ်သိက္ခာထပ် အလှူတရားပွဲတို့၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ရာ ရပ်နီးရပ်ဝေးမှ အလှူရှင်များသည် ဆရာတော် ဖုန်း-၀၉-၅၁-၈၅၀၀၄၊ သန်လျင် ဖုန်း-၀၅၆-၂၁၄၀၅၊ ပုဇွန်တောင် ရဟန်းဒါယကာ ဖုန်း-၀၁-၂၉၃၅၁၆ နှင့် မြေနီကုန်း မစိုးရိမ်စာသင်တိုက် ဖုန်း-၀၁-၅၃၇၉၁၄ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

လယ်တီမူ အနာဂါမ် ဆရာသက်ကြီးတရားစခန်း

ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် အုတ်ဖိုစုရပ်ကွက် မြသိန်းတန်ဓမ္မရိပ်သာကျောင်းတွင် လယ်တီမူအနာဂါမ် ဆရာသက်ကြီး ဝိပဿနာခုနစ်ရက်တရားစခန်းကို ဧပြီ ၁၂ရက် နံနက် ၉နာရီမှ ဧပြီ ၁၉ရက် နံနက် ၆နာရီအထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး မည်သူမဆို ဝင်ရောက်တရားအားထုတ်နိုင်သည်။ စခန်းဝင်မည့်သူများသည် ဧပြီ ၁၂ရက် နံနက် ၈နာရီအရောက် လာရောက်ကြရန်နှင့် သိရှိလိုသည်များကို အထက်ပါကျောင်းတိုက် ဖုန်း-၆၁၀၈၇၉၊ ၆၁၀၇၁၃ နှင့် ၆၁၀၈၉၃ တို့သို့ ဆက်သွယ်နိုင်ကြောင်း နှိုးဆော်ထားသည်။ (က-ပ)

ဆင်ဖြူတောင်ဓမ္မသဘင်

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် (၁၃)ရပ်ကွက် ကျန်စစ်သားလမ်း တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၏ ပဓာန နာယက ဖြစ်တော်မူသော တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ၊ ပါဠိပါရဂူ အဂ္ဂမဟာအကျော်၊ ရေစကြိုဆရာတော် ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ၏ သက်တော်(၅၃)နှစ်ပြည့် ဝိဇာတမင်္ဂလာတွင် သာကေတမြို့နယ် ဆင်ဖြူတောင်ပရိယတ္တိစာသင်တိုက်၏ ပဓာန နာယက ဆင်ဖြူတောင် ဆရာတော် အရှင်ဂုဏိန္ဒက မတ် ၂၉ရက် (စနေနေ့) ည၇နာရီခွဲတွင် တိပိဋက မဟာဂန္ဓဝင် နိကာယ်ကျောင်းတိုက်အတွင်းရှိ တိပိဋကဓမ္မဗိမာန်တော်၌ တရားတော်များ ဟောကြားလျက် ဓမ္မပူဇာအဖြစ် ပါဝင်ပူဇော်မည်ဖြစ်သည်။ (က-ပ)

သဲအင်းဂူသင်္ကြန်တရားစခန်းဖွင့်မည်

တောင်ဥက္ကလာပမြို့နယ် ၁၅ရပ်ကွက် အမှတ်(၆)ဝိုင်း သဲအင်းဂူဝိပဿနာရိပ်သာကျောင်းတိုက်တွင်(၁၀)ကြိမ်မြောက် သင်္ကြန်အဓိဋ္ဌာန် အထူးတရားစခန်းပွဲကို ဗုဒ္ဓအလိုတော်ကျ ကျေးဇူးတော်ရှင် သဲအင်းဂူဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ၁၃၆၉ခုနှစ် တန်ခူးလဆန်း ၇ရက်မှ ၁၄ရက်အထိ (ဧပြီ၁၂ရက်မှ၁၉ရက်)အထိ ကျင်းပမည်ဖြစ်သည်။ အလုပ်ပေး တရားစခန်းတွင် ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တမုနိန္ဒ(ကျိုက်ဝိုင်းဆရာတော်)နှင့် သဲအင်းဂူရတနာ မန်အောင်ကျောင်းဆရာတော် ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဝီရိယ အရှင်သူမြတ် နှစ်ပါးတို့က ခန္ဓာကိုယ်တွေ့ သမထဝိပဿနာ တရားတော်များ ချီးမြှင့် ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများ ဧပြီ၁၁ရက်(သောကြာနေ့) ညနေ ၄နာရီအရောက် စာရင်းသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

27-3 (11).pmd 1 3/27/2008, 12:29 AM

မြန်မာနိုင်ငံ ဆရာဝန်အသင်း(ရန်ကုန်) အမျိုးသမီးဆရာဝန်များအဖွဲ့ ဓနုဖြူမြို့၌ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုများကြည့်ရှု

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံမှတ်တမ်း-အောင်သန်း(မင်္ဂလာတောင်ညွန့်)

စာမျက်နှာဖွဲ့စည်းမှု-ကြည်ဝင်း

မြန်မာနိုင်ငံ ဆရာဝန်အသင်း (ရန်ကုန်)အမျိုးသမီး ဆရာဝန်များအဖွဲ့၊ ပါမောက္ခများနှင့် အထူးကုဆရာဝန်ကြီးများ ၄၅ ဦး ပါဝင်သောအဖွဲ့ ရောဝတီတိုင်း ဓနုဖြူမြို့သို့ ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုအဖြစ် ကွင်းဆင်း ဆေးဝါးကုသပေး ခြင်းနှင့် ကျန်းမာရေး ပညာပေးဟောပြောပွဲများကျင်းပခဲ့။

ရန်ကုန် မတ် ၂၆

မြန်မာနိုင်ငံ ဆရာဝန်အသင်း (ရန်ကုန်)အမျိုးသမီးဆရာဝန်များအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်မာအေး၊ အတွင်းရေးမှူး ဒေါက်တာ မြတ်လေးကျင်၊ ပါမောက္ခများနှင့် အထူးကု ဆရာဝန်ကြီးများ ၄၅ ဦးပါဝင်သော အဖွဲ့သည် မတ် ၂၃ ရက်က ရောဝတီ တိုင်း ဓနုဖြူမြို့သို့ ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုအဖြစ် ကွင်းဆင်းဆေးဝါးကုသပေးခဲ့ကြသည်။

ကြိုဆို

နံနက် ၉ နာရီတွင် ဓနုဖြူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးသို့ရောက်ရှိရာ မြို့နယ်အေး ချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင့်လွင်၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်လှလှစိန်၊ လူမှုရေးအသင်းအဖွဲ့ များကကြိုဆိုကြပြီး ဆေးဝါးကုသပေး ရန် သတ်မှတ်ထားသည့် ဓနုဖြူမြို့ ပြည်သူ့ ဆေးရုံကြီးသို့ သွားရောက်ခဲ့ ကြသည်။ကြိုတင်အကြောင်းကြားထား ချက်အရ ဓနုဖြူမြို့တွင်းရှိ ရပ်ကွက် ၁၈ ရပ်ကွက်နှင့် မြို့နယ်တွင်းကျေးရွာ အုပ်စု၆၃ အုပ်စုမှ ဆေးဝါးကုသမှုခံယူ လိုသူ လူနာများ၊ ဆေးဝါးကုသမှုခံယူ သူများအတွက်လိုအပ်သောအကူအညီ ပေးရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များ၊ အရန် မီးသတ်တပ်ဖွဲ့ဝင်များ၊ အမျိုးသမီး ရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ လူဦးရေ၃၀၀၀ ကျော် ခန့်က ဆေးရုံဝင်းအပြည့် စောင့်ဆိုင်း ကြိုဆိုနေသည်ကိုတွေ့ရသည်။

နေရာချထား

ဓနုဖြူမြို့နယ်ကျန်းမာရေးဦးစီးမှူး ဆေးရုံအုပ်ကြီး ဒေါက်တာသီတာတင် ဝင်း၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးနိုင်ဝင်း၊ ဆေးရုံကြီးကြပ်ရေးကော် မတီဝင်များက ခရီးဦးကြိုဆိုနှုတ်ဆက် ပြီး အသင့်စီစဉ် ပြင်ဆင်ထားသော ဆေးကုသခန်းများတွင် အမျိုးသမီး ဆရာဝန်များအဖွဲ့အား ရောဂါကုသ ရေးဆိုင်ရာ အဖွဲ့အလိုက် စီစဉ်နေရာ ချထားပေးသည်။ မကွေးဆေးတက္ကသိုလ် Final Part (1) မှလက်တွေ့ကွင်းဆင်း ဆေးကျောင်းသား၊ ဆေးကျောင်းသူ ၁၄ ဦးတို့ကလည်း လူနာမှတ်တမ်း များ စာရင်းရေးသွင်း ခွဲခြားသတ်မှတ် ဆောင်ရွက်ပေးသည်။ ကြက်ခြေနီ တပ်ဖွဲ့ဝင်များကလည်း ရောဂါအုပ်စု ခွဲကာ စာရင်းပေးသွင်းထားသည့် လူနာများအား တစ်ဦးချင်းခေါ်ယူ ပေးသည်။ မိခင်နှင့်ကလေး စောင့် ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီး ရေးရာအဖွဲ့ဝင်များ၊ ဆေးရုံဝန်ထမ်း များ၊ သူနာပြု ဆရာမများကလည်း ဆရာဝန်ကြီးများ ဆေးဝါးကုသ ပေးမှုကိုကူညီဆောင်ရွက်ပေးကြသည်။

မျက်စိဝေဒနာရှင်များအား အထူးကုဆရာဝန်များက စမ်းသပ်စစ်ဆေး ကုသပေးကြသည်မှာ....။

စမ်းသပ်စစ်ဆေး

အဖွဲ့များခွဲရာတွင် ဓာတ်မှန်အဖွဲ့၊ အထွေထွေကု သမားတော်အဖွဲ့၊ သားဖွားမီးယပ်ရောဂါ အထူးကုအဖွဲ့၊ ခွဲစိတ်အထူးကုအဖွဲ့၊ ကလေးအထူးကု အဖွဲ့၊မျက်စိအထူးကုအဖွဲ့၊နား၊နှာခေါင်း၊ လည်ချောင်း အထူးကုအဖွဲ့၊ အကြော အဆစ်အထူးကုအဖွဲ့၊ အရေပြားရောဂါ အထူးကုအဖွဲ့နှင့် တိုင်းရင်းဆေးကု အဖွဲ့တို့ ခွဲခြား နေရာချထားကာ စမ်းသပ်စစ်ဆေးကုသမှုပြုကြသည်။

ခွဲစိတ်အထူးကုအဖွဲ့မှ ပါမောက္ခ ဒေါက်တာခင်အေးမူနှင့် ပါမောက္ခ ဒေါက်တာ ဒေါ်ခင်ထွေးတို့က လူနာ ခြောက်ဦးအား ခွဲစိတ်ကုသပေးခဲ့သည်။ သားဖွားနှင့်မီးယပ်ရောဂါအထူးကုအဖွဲ့ မှ ပါမောက္ခ ဒေါက်တာခင်သိန်းဦး၊ ပါမောက္ခ ဒေါ်မေမာလာဆွေ၊ အထွေ ထွေကုသမားတော် ဒေါက်တာ ခင်ခင် သက်၊ အကြောအဆစ်အထူးကုအဖွဲ့မှ ဒေါက်တာ သန်းသန်းငွေ၊ အရေပြား ရောဂါအထူးကုအဖွဲ့မှ ဒေါက်တာ မြစန္ဒာခိုင်၊ မျက်စိအထူးကုအဖွဲ့မှ တွဲဖက် ပါမောက္ခ ဒေါက်တာ အောင်မေကြည်၊ ဒေါက်တာ သောင်း သောင်းဆိုင်၊ တိုင်းရင်းဆေး ပညာ ဦးစီးဌာနမှ တိုင်း ဦးစီးမှူး ဒေါ်သန်း သန်းမြင့်တို့က လူနာပေါင်း ၁၂၀၀ ကျော်အား ညနေ ၄ နာရီအထိ စမ်းသပ်စစ်ဆေး ကုသပေးခဲ့ကြ သည်။ သံဃာတော်များနှင့် သီလရှင် များလည်း ပါဝင်ကြသည်။ ဆေးဝါး များလည်းပေးခဲ့သည်။ မျက်စိလူနာ များအားလည်း မျက်မှန်များ အခမဲ့ တပ်ဆင်ပေးခဲ့သည်။ ဆေးဝါးကုသ ရာတွင် ဆေးဝါးပစ္စည်း စုစုပေါင်း တန်ဖိုးငွေကျပ် ၁၂ သိန်း ကျော်ဖိုး ရှိသည်ဟု သိရသည်။

မကွေးဆေးတက္ကသိုလ်မှ လက်တွေ့ကွင်းဆင်းသည့် ဆေးကျောင်းသား ဆေးကျောင်းသူများကလည်း ဤသို့ လူနာမှတ်တမ်းများ စာရင်းရေးသွင်း ဆောင်ရွက်ပေးကြသည်။

ဟောပြော

မွန်းတည့် ၁၂ နာရီတွင် ကျန်းမာ ရေးပညာပေးဟောပြောပွဲကိုဓနုဖြူမြို့ အစိုးရ အထက်တန်းကျောင်းခန်းမ ဆောင်၌ကျင်းပရာ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များနှင့် ငယ်ရွယ်အမျိုးသမီးငယ်ပေါင်း၅၀၀ခန့် တက်ရောက်ကြသည်။ အမျိုးသမီး ဆရာဝန်များအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ ခင်မာအေးက အမှာစကားပြောကြား ပြီး အဖွဲ့အတွင်းရေးမှူး ဒေါက်တာ မြတ်လေးကျင်က ဆယ်ကျော်သက် မျိုးဆက်ပွား ကျန်းမာရေးအကြောင်း သိကောင်းစရာများကိုပညာပေးဟော ပြောရာ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်လှ လှစိန်က ကျေးဇူးတင်စကားပြောကြား ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ပေ သည်။ ။ **(မြန်မာ့အလင်း)**

မြန်မာ့အလင်း လိုတိုရှင်းသတင်းများ

နတ်မောက် ရှင်ပင်ကျော်လှိုင်ဘုရားထီးတင်

နတ်မောက်မြို့နယ် ဥသျှစ်ကုန်းကျေးရွာအနီး ရေးဟောင်းသမိုင်းဝင် ရှင်ပင်ကျော်လှိုင်ဘုရားကြီး၌ ဖေဖော်ဝါရီ ၂၁ရက်က ထီးတော်သစ် တင်လှူပွဲ ကျင်းပရာ ကျောက်ပန်းတောင်းမြို့နယ်၊ ရေနံချောင်းမြို့နယ်နှင့် နတ်မောက် မြို့နယ်တို့မှ ဗုဒ္ဓဘာသာဝင်တစ်သိန်းခန့်လာရောက်ဖူးမြော်ကြည်ညိုကြပြီး ဝတ္ထု၊ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားများ၊ ရတနာများနှင့် ဆံပင်များလှူဒါန်းကြရာ ငွေကျပ်သိန်းတစ်ရာကျော် ရရှိကြောင်း သိရသည်။ (၁၅၆)

မီးငြိမ်းသတ် ဇာတ်တိုက်လေ့ကျင့်မှု စုပေါင်းဆောင်ရွက်

သဲကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးတွင် မီးဘေး အန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းကို ဖေဖော်ဝါရီ ၁၂ ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့နှင့် ဈေးသူဈေးသားများ ပူးပေါင်း၍ မီးငြိမ်းသတ် ဇာတ်တိုက်လေ့ကျင့်မှုကို အမှုဆောင်အရာရှိ ဦးမောင်မောင်သွင်နှင့် မြို့နယ်မီးသတ်ဦးစီးမှူးတို့က ကြီးကြပ်ဆောင်ရွက်ခဲ့ ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ကဝမြို့နယ် ကျေးလက်လမ်းပြုပြင်ထိန်းသိမ်းဆောင်ရွက်

ကဝမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ် ကျေးလက်လမ်း သက္ကလစ်ပြကျေးရွာအဝင်လမ်း ကတ္တရာဖြင့် လမ်းပေါက်ဖာထေးခြင်း လုပ်ငန်းကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းဦး ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

ပြန်/ဆက်နှင့် ပညာရေးပူးပေါင်း၍ စာဖတ်ဝိုင်းကျင်းပ

လဲချားမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးနှင့် ပညာ ရေးဌာနတို့ ပူးပေါင်းပြီး စာဖတ်ဝိုင်းကို အခြေခံပညာ အထက်တန်း ကျောင်းတွင် ဇန်နဝါရီ ၂၉ ရက်က ကျင်းပသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများအား ချစ်နိုင်(စိတ်ပညာ)ရေးသားသော ရေလောင်းကြပါစို့နှင့် အဟုတ်ဖြစ်ရမည် ဆောင်းပါး၊ ပြင်ဦးလွင် ခင်နှင်းမေ၏ ကဗျာအလှ စာအလှ ဆောင်းပါးတို့အား ဖတ်ရှုကြပြီးနောက် မြို့နယ်ဦးစီးမှူးနှင့် ပြန်လည်သုံးသပ် ဆွေးနွေးခဲ့ကြသည်။ **(ခရိုင် ပြန်/ဆက်)**

တီဘီရောဂါ တိုက်ဖျက်ရေးနေ့ ပခုက္ကူ၌ကျင်းပ

ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်နှင့် ဂုဏ်ပြုဆုပေးပွဲကို မတ် ၂၄ ရက်က ပခုက္ကူမြို့ အထွေထွေရောဂါကုဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင် မျိုးလတ်၊ ဆေးရုံအုပ်ကြီး ဒေါက်တာ ကိုကိုကြီးနှင့် ပြင်ပဆေးခန်းဆရာဝန် များ ကိုယ်စားလှယ် ဒေါက်တာ ဌေးလှိုင်တို့က အမှာစကားပြောကြားပြီး ဂုဏ်ပြုဆုများအား ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက ဆုများပေးအပ် ချီးမြှင့်ကြောင်း သိရသည်။ (၀၇၀)

ဖားကန့်မြို့၌ သန့်ရှင်းရေးဆောင်ရွက်

ဖားကန့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့သန့်ရှင်းသာယာလှပစေရေး အတွက် မတ် ၃ ရက်က ငှက်ပျောတောရပ်ကွက်အတွင်းရှိ ဗျူဟာကုန်း အဆင်းလမ်းတစ်လျှောက် အဖွဲ့ရုံးဝန်ထမ်းများက သန့်ရှင်းရေး ဆောင်ရွက် ကြရာ အမှုဆောင်အရာရှိ ဦးမြင့်အောင်အနီးကပ် ကြီးကြပ်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မြစ်ကြီးနား၌ စာပေဟောပြောပွဲကျင်းပ

မြစ်ကြီးနားမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပသည့် စာပေဟောပြောပွဲကို ဖေဖော်ဝါရီ၁၄ရက်က မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။ ထို့နောက် စာပေဟောပြောပွဲကို ကျင်းပရာ ကောက်နွယ် ကနောင်က ကဗျာဖတ်ခြင်းရသ၊ မောင်စိုးထိုက် (သုံးဆယ်)က စကား လက်ဆောင် ပန်းလက်ဆောင်နှင့် သန်လျင် မောင်မောင်ဦးက ရယ်စရာ မောစရာ ခေါင်းစဉ်တို့ဖြင့် ဟောပြောကြသည်။ (၀၀၃)

ကြက်ခြေနီ ရှေးဦးပြုစုခြင်း သင်တန်းဖွင့်

ကရင်ပြည်နယ် မြဝတီမြို့ကျောင်းကြက်ခြေနီရှေးဦးပြုစုခြင်းသင်တန်း ဖွင့်ပွဲကို မတ် ၁ ရက်က အမှတ်(၂) အခြေခံပညာမူလတန်းလွန်ကျောင်းခန်းမ၌ ကျင်းပသည်။ အဆိုပါ အခမ်းအနားသို့ မြဝတီခရိုင်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး၊ ကျောင်းအကျိုးတော်ဆောင်များ၊ ခရိုင် ပညာရေးကော်မတီဝင်များနှင့် သင်တန်းသား ၁၂၀ တက်ရောက်ခဲ့ကြသည်။ **(ခရိုင် ပြန်/ဆက်)**

ဟိုပင်တွင် အခမ်းအနားမှူးသင်တန်းဖွင့်

ကချင်ပြည်နယ် ဟိုပင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးဖွင့်လှစ်သည့် အခမ်းအနားမှူးသင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၅ ရက်က ဟိုပင်မြို့ အမျိုး သမီးရေးရာအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အဆိုပါအခမ်းအနားမှူး သင်တန်းသို့ သင်တန်းသူ ၅၀ တက်ရောက်ကြသည်။ (မြို့နယ် ပြန်/ဆက်)

လှိုင်ကော်၌ မီးလောင်မှုဖြစ်ပွား

ရန်ကုန် မတ် ၂၆

လှိုင်ကော်မြို့ ဈေးပိုင်းရပ်ကွက် ပဒေသာလမ်းသွယ်ရှိ နှစ်ထပ်ပျဉ်ထောင်အိမ်တွင် မတ် ၂၅ ရက် နံနက် ၂နာရီခွဲက လျှပ်စစ်ဝိုင်ယာရှော့ခ်ဖြစ်ကာ မီးစတင် လောင်ကျွမ်းခဲ့ကြောင်း၊ မီးလောင်ရာသို့ မီးသတ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် မြို့နေပြည်သူများမှ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၅ နာရီခန့်တွင် မီးငြိမ်းခဲ့ကြောင်း၊ မီးလောင်မှုကြောင့် အိမ်ခြေ ၁၇ လုံး ဆုံးရှုံးခဲ့ပြီး အိမ်ထောင်စု ၄၈ စုမှ လူဦးရေ ၂၆၃ ဦး အိုးအိမ်မဲ့ဖြစ်ခဲ့ပြီး ဥတ္တရာရုံဘုန်းကြီးကျောင်း၊ ဈေးပိုင်းလူငယ်ရိပ်သာနှင့် ဂျာမေဗလီတို့တွင် နေရာချထားခဲ့ကြောင်း ဖြစ်စဉ်နှင့်ပတ်သက်၍ လှိုင်ကော်ရဲစခန်းမှ ဦးထွန်းထွန်းအား (ပ)သတင်းချက် အမှတ် ၁၀/၂၀၀၈၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၈၅ အရ အရေးယူထားသည်။

(သတင်းစဉ်)

အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် မတ် ၂၆

၁၉၈၉-၈၇ ခုနှစ် B.E (Mechanical) ကျောင်းသား ကျောင်းသူဟောင်းများ၏ ပထမအကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားကို ဧပြီ ၁ ရက် ညနေ ၃ နာရီတွင် ၆ မိုင်ခွဲရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးဗဟိုဌာန (IBC)ခန်းမ၌ ကျင်းပမည်ဖြစ်ပြီး ကန်တော့ခံ ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းလိုသူများ ဦးကျော်လှိုင် ဖုန်း-၀၉-၅၀-၁၈၃၂၉၊ ဦးအောင်ညွန့်သောင်း ဖုန်း-၀၉-၅၁-၁၅၇၁၀၊ ဦးစိန်သောင်း ဖုန်း-၀၉-၅၀-၁၃၀၅၇၊ ဦးမိုးမြင့်ကျော် ဖုန်း-၀၉-၅၀-၃၆၀၆၉၊ ဦးတင်မောင်နိုင် ဖုန်း-၀၉-၅၁-၂၅၃၇၆၊ ဦးအောင်ကြည် ဖုန်း-၀၉-၅၀-၁၄၄၁၈ နှင့် ဦးစောထွန်းဝေ ဖုန်း-၀၉-၅၁-၇၅၂၄၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ငါးလုပ်ငန်းအဖွဲ့ချုပ် ဟောပြောပွဲတက်ရောက်နိုင်

ရန်ကုန် မတ် ၂၆

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှု Han Sein Thant Engineering & Trading ၏ ပံ့ပိုးကူညီမှုဖြင့် မတ်၂၉ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းမကြီးရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ဒေါက်တာတင်လတ်က လုပ်ငန်းအတွင်း စစ်ဆေးခြင်းနှင့် အောင်မြင်မှုရရန် စွန့်စားမှုများကို စီမံခန့်ခွဲခြင်း ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ရှင်အပါး ၁၀၀ အလှူပွဲကျင်းပ

ရန်ကုန် မတ် ၂၆

စစ်ကိုင်းတိုင်း ချောင်းဦးမြို့နယ်နေ အဘိုးဦးမင်းဒင် အဘွား (ဒေါ်မြမေ) နှစ်ဖက်မိဘများဖြစ်ကြသော ဦးလှထွန်း-(ဒေါ်သန်းစိန်) မတ္တရာမြို့နယ် ဆည်တော်ကြီးနေ ဦးကုလား-ဒေါ်လှစိန်တို့အား အမှူးထား၍ မန္တလေးမြို့ ၆၈လမ်း မနော်ဟရီလမ်းနှင့် ခိုင်ရွှေဝါလမ်းကြား၊ မြို့သစ်အမှတ်၂၊ ဆ၁၂ အမှတ်၄၅/၄၆ နေ အလှူဒါယကာ ဦးမျိုးမြင့်သန်း-အလှူဒါယိကာမ ဒေါ်ငြိမ်းငြိမ်းနိုင်၊ သားမောင်ကျော်ဘုန်းနိုင်၊ သမီးမချယ်ရီနိုင် သား မောင်အောင်ရဲနိုင်၊ မောင်ဟိန်းထက်နိုင်၊ မောင်ထိန်လင်းနိုင် မိသားစုတို့က မတ် ၂၆ ရက်နှင့် ၂၇ ရက်(၁၃၆၉ ခုနှစ် တပေါင်းလပြည့်ကျော်၅ ရက်နှင့် ၆ ရက်) ဗုဒ္ဓဟူးနေ့နှင့် ကြာသပတေးနေ့ နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီတွင် သံဃာတော်အ ရှင်သူမြတ်တို့အား ဒါတဗ္ဗဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းပြီး သား အောင်ရဲနိုင်၊ ဟိန်းထက်နိုင်၊ ထိန်လင်းနိုင်၊ တူ ဝေလင်းမောင်၊ ဟိန်းဇေယျာစိုး၊ ရဲရင့်ကျော်တို့နှင့်အတူ ရှင်အပါး ၁၀၀ ကို သာမဏေအဖြစ် သွတ်သွင်းချီးမြှောက်ပြီး သမီး ချယ်ရီနိုင်၊ တူမသီရိဝေ၊ နန္ဒအေး၊ ပိုးအိထွေး၊ ဝေဝေနှင်းနှင့် ဖြူစင်သန့်တို့အား နားသမင်္ဂလာဆင်ယင်ကျင်းပမည်ဖြစ်ပြီး နိုင်ငံတော် ရွှေတံဆိပ်ဆုရ ဂီတစာဆို အကယ်ဒမီ စိန်မွတ္တား မင်္ဂလာဆိုင်း၊ ဘိသိက် မန္တလေးသိန်းဇော်၊ တေးသံရှင်စိုးစန္ဒာထွန်း၊ ပန်းအိဖြူ၊ ဖိုးသောကြာနှင့် ကြည်သာ(ပွဲကြိုက်ခင်)တို့က ဖျော်ဖြေတင်ဆက်မည်ဟု သိရသည်။

(က-ပ)

ပြည်ပ အားကစားသတင်း

ဗန်ပါစီ အာဆင်နယ်က စွန့်ခွာတော့မှာလား

လန်ဒန် မတ် ၂၆

မောင်မောင်မြင့်ဆွေ

ဒီနှစ် ဘောလုံးရာသီမှာ ဒဏ်ရာတွေနဲ့ လုံးထွေးပြီး ခြေစွမ်းမပြနိုင်တဲ့ အာဆင်နယ်တိုက်စစ်မှူး ဗန်ပါစီက ဒီနှစ်ဘောလုံးရာသီကုန်ရင် အာဆင်နယ်က စွန့်ခွာတော့မယ်လို့ မတ် ၂၆ရက်က ပြောကြားလိုက်ပြီ ဖြစ်ပါတယ်။

နယ်သာလန်နဲ့ အာဆင်နယ် တိုက်စစ်မှူး ဗန်ပါစီဟာ အာဆင်နယ်က အွန်နရီ ဘာစီလိုနာကို ပြောင်းရွှေ့သွားပြီးတဲ့နောက်မှာ အဓိက တိုက်စစ်မှူးတာဝန်ယူဖို့ ကြိုးစားပေမယ့် ခြေစွမ်းပြဂိုးတွေ သွင်းလာနိုင်တဲ့ အဒီဘာယောကြောင့် အာစင်ဝင်းဂါးရဲ့ အားကိုးရာ တိုက်စစ်မှူးအဖြစ် သတ်မှတ်ခြင်း မခံရပါဘူး။

အားထား

အသက် ၂၄နှစ်သာရှိသေးတဲ့ ဗန်ပါစီဟာ ဒတ်ချ်ကလပ် ဖီယင်နူအသင်းကနေပြီး ၂၀၀၄-၂၀၀၅ ခုနှစ် ဘောလုံးရာသီမှာ အာဆင်နယ်အသင်းကို ရောက်ရှိလာခဲ့သူဖြစ်ပါတယ်။ ဘယ်ခြေအားပြုပြီး ကွင်းလယ်တိုက်စစ်အားသန်တဲ့ ဗန်ပါစီကို ရောက်စကာလမှာ အာစင်ဝင်းဂါးက အတော်လေး အားထားခဲ့တယ်လို့ ဆိုပါတယ်။

ကစားပေး

ဗန်ပါစီဟာ ၂၀၀၅-၂၀၀၆ ဘောလုံးရာသီ ပရီမီယာလိဂ်ပွဲစဉ်တွေမှာ စုစုပေါင်းငါးဂိုးသွင်းခဲ့ပြီး ၂၀၀၆-၂၀၀၇ ခုနှစ်မှာ ၁၁ဂိုးသွင်းယူပေးနိုင်ခဲ့ပါတယ်။ အခု ၂၀၀၇-၂၀၀၈ ဘောလုံးရာသီမှာ ခြေထောက်ဒဏ်ရာရရှိပြီး ပွဲတိုင်းမကစားနိုင်ဘဲ စုစုပေါင်းကိုးပွဲသာ အချိန်ပြည့်ကစားပေးနိုင်ခဲ့ပါတယ်။



အာဆင်နယ်မှ ထွက်ခွာတော့မည့် ဗန်ပါစီ။

ဒီနှစ်မှာ ပွဲတိုင်းထုတ်မသုံးတာနဲ့ ပတ်သက်ပြီး ဗန်ပါစီက အာစင်ဝင်းဂါးအပေါ် အမြင် သိပ်မကြည်လင်ဘူး ဖြစ်နေပါတယ်။ အာစင်ဝင်းဂါးကတော့ ဗန်ပါစီဟာ ကြွခိုင်မှုအားနည်းနေလို့ ပွဲတိုင်း ထုတ်မသုံးတာလို့ မီဒီယာတွေကို ဖြေရှင်းချက်ပေးခဲ့ပေမယ့် အဓိကပွဲ အတော်များများမှာ ဗန်ပါစီကို အချိန်ပိုင်းပဲ ထုတ်သုံးခဲ့တာကတော့ ပေါ်လွင်နေပါတယ်။

နောက်ပြီး အဒီဘာယောအပြင် ဝေါကော့ဒ်ကိုပါ တဖြည်းဖြည်းပွဲထုတ်လာတာမို့ ဗန်ပါစီအနေနဲ့ သူ့ရဲ့ အနာဂတ်ကို စဉ်းစားလာရပြီဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒီနှစ်ဘောလုံးရာသီအကုန်မှာ အာဆင်နယ်ကို စွန့်ခွာမယ်လို့ ထုတ်ဖော်ပြောကြားလိုက်တာပဲ ဖြစ်ပါတယ်။

ထုတ်ဖော်မပြော

ဗန်ပါစီကို ပီအက်စ်ဗွီ၊ ဝါဒါဘရီမင်နဲ့ ဆီဗီလာအသင်းတွေက အရင်ကတည်းက ကမ်းလှမ်းထားတာမို့ ဒီအသင်းထွေထဲက ဘယ်အသင်းကို ရွေးချယ်မလဲဆိုတာကတော့ ဗန်ပါစီ ထုတ်မပြောသေးပါဘူး။

ဒါပေမယ့် အာစင်ဝင်းဂါးကတော့ ဗန်ပါစီလို အဆုံးသတ်ကောင်းမွန်တဲ့ တိုက်စစ်မှူးတစ်ဦးကို အသင်းမှာ ဆက်လက်ကစားဖို့ ထိန်းသိမ်းသွားမယ်လို့ ဆိုပါတယ်။ နောက်ပြီး အာဆင်နယ်အသင်းမှာ ဗန်ပါစီ ဆက်ရှိနေမယ်လို့လည်း ယုံကြည်တယ်လို့ ပြောကြားနေပါတယ်။

စိတ်ဝင်စား

ဒါကြောင့် ဒီနှစ်ဘောလုံးရာသီအကုန်မှာ ဗန်ပါစီ အာဆင်နယ်မှာ ဆက် ရှိ၊ မရှိ၊ တခြား ဘယ်အသင်းကို ရောက်သွားမလဲဆိုတာကတော့ စောင့်ကြည့်ရမှာဖြစ်ကြောင်း။ ။

တိုက်ဂါးဝုဒ်၏ဆက်တိုက်အောင်ပွဲများ အိုဂျီဗီက ရပ်တန့်စေခဲ့ပြီ

ဖလော်ရီဒါ မတ် ၂၆

ဩစတြေးလျ ဂေါက်သီးကစားသမား အိုဂျီဗီသည် အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် မီယာမီမြို့၌ ကျင်းပသော ဒဗလျူဂျီစီအေချန်ပီယံရှစ် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် တစ်ချက်အသာဖြင့်အနိုင်ရပြီး ချန်ပီယံဆုဖလား ဆွတ်ခူးနိုင်ခဲ့သဖြင့် ကမ္ဘာ့နံပါတ်တစ် တိုက်ဂါးဝုဒ်၏ ဆက်တိုက် ဖလားများ ဆွတ်ခူးနေခြင်းကို ရပ်တန့်စေခဲ့သည်။

၂၀၀၆ ခုနှစ် ယူအက်စ်အိုးပင်း ချန်ပီယံ အိုဂျီဗီ **(အပေါ်ပုံ)**သည် စုစုပေါင်း လေးရက် ရိုက်ချက် ၂၇၁ချက် ရိုက်ခဲ့သဖြင့် သတ်မှတ်ရိုက်ချက်ထက် ၁၇ချက် လျှော့ရိုက်နိုင်ခဲ့သည်။ တောင်အာဖရိကမှ ရစ်တစ်ဂူဆင်၊ ဖီဂျီမှ ဗီဂျေဆင်းနှင့် အမေရိကန်မှ ဂျင်ဖူရိုက်ခ်တို့သည် စုစုပေါင်း လေးရက် ကစားအပြီး ၁၆ ချက်စီ လျှော့ရိုက်ခဲ့ကြသည်။ ယင်းအတွက် အိုဂျီဗီက လျှော့ရိုက်ချက် တစ်ချက်ပိုများခဲ့ပြီး ချန်ပီယံဆုဖလား ဆွတ်ခူးနိုင်ခဲ့သည်။

(အင်တာနက်)

ယူရိုခြေစစ်ပွဲ၌ ဂိုးအများဆုံးသွင်းသူ ဂုဏ်ပြုမည်ဟု ပလာတီနီပြောကြား

လန်ဒန် မတ် ၂၆

ယူရို-၂၀၀၈ ခြေစစ်ပွဲများကစားခဲ့စဉ်အတွင်း စံချိန်တင် ဂိုးအများဆုံး ၁၃ ဂိုး သွင်းယူခဲ့သည့် မြောက်အိုင်ယာလန် တိုက်စစ်မှူး ဟီယာလီအား အထူးဆုပေးသွားမည်ဖြစ်ကြောင်း ယူအီးအက်ဖ်အေ ဥက္ကဋ္ဌ ပလာတီနီက ချီးကျူး ပြောကြားလိုက်သည်။

ပြောကြား

တိုက်စစ်မှူး ဟီယာလီသည် စံချိန်တင်ဂိုးများသွင်းယူပေးနိုင်ခဲ့၍ ထိုက်တန်သောဂုဏ်ပြုဆုကို ပေးသွားမည်ဖြစ်ကြောင်း ပလာတီနီက ပြောကြားသည်။

ဟီယာလီအား ယူအီးအက်ဖ်အေက အထူးဆုပေးအပ်ခြင်းသည် ယူရိုပြိုင်ပွဲများအတွင်း တိုက်စစ်မှူးကောင်းများ ပေါ်ထွက်လာရေးအတွက် ယခုကဲ့သို့ ရည်ရွယ်ပေးအပ်ခြင်းဖြစ်ကြောင်း ယူအီးအက်ဖ်အေ ဥက္ကဋ္ဌက ပြောကြားသည်။

ဂိုးသွင်းယူ

ယခင်က ယူရိုပြိုင်ပွဲများတွင် ဂိုးအများဆုံး သွင်းယူနိုင်ခဲ့သူမှာ ခရိအေးရှားတိုက်စစ်မှူး ဒေးဗာဆူကာ ဖြစ်သည်။ ၎င်းသည် ၁၉၉၆ခုနှစ် ယူရိုပြိုင်ပွဲတွင် ခရိအေးရှားအသင်းအတွက် ဂိုးပေါင်း ၁၂ ဂိုး သွင်းယူခဲ့သူဖြစ်သည်။

(အင်တာနက်)

ယူအီးအက်ဖ်အေ ဥက္ကဋ္ဌ ပလာတီနီ။

မြင့်မောင်စိုး - စုစည်းသည်

သာသနာရေးဆိုင်ရာ အလှူငွေပေးအပ်ပွဲကျင်းပ

မန္တလေး ဖေဖော်ဝါရီ ၂၈

မန္တလေးမြို့ အောင်မြေသာစံမြို့နယ်(၉)လမ်း လှည်းတန်းရပ်ရှိ ရွှေပြည်သာ ကျောက်စိမ်းကျောက်မျက် တူးဖော်ထုတ်လုပ်ရေး သ/မလီမိတက် မိသားစုတို့၏ သာသနာရေးဆိုင်ရာ အလှူငွေများ ပေးအပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၁၂ရက်က ကုသိုလ်တော်ရိပ်သာကျောင်း၌ ကျင်းပရာ အခမ်းအနားသို့ မန္တလေးတိုင်း သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု မြတောင်တိုက် ရွှေဝါဝင်း ကျောင်း ဆရာတော် ဘဒ္ဒန္တသာသနာဘိဝံသနှင့် ကုသိုလ်တော်ရိပ်သာကျောင်း ပဓာနနာယက ဆရာတော်ဘဒ္ဒန္တဇဋိလ အမှူးပြုသော ပင့်သံဃာတော်များ ကြွရောက်ချီးမြှင့်သည်။

ပေးအပ်လှူဒါန်း

ထို့နောက် အလှူရှင် ဒေါ်စန်းစန်း(သုခမ္မသိင်္ဂီ)၊ သားမောင်ဇာနည်ဦး၊ မောင်ဇာနည်အောင်-မတင်မိုးဦး၊ သမီး မငြိမ်းငြိမ်းသက်၊ မမေသက်ခိုင်၊ မြေး မရွှေရည်ပန်းမြတ်သာ မိသားစုတို့က ဦးသက်ရင် (ရှစ်)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ကုသိုလ်တော်ရိပ်သာကျောင်း၌ ကုဋီဆောက်လုပ်ရန် အလှူငွေကျပ် သိန်း၂၀ **(အပေါ်ပုံ)**၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်၊ ကျောင်းထိုင် ဘုန်းကြီးသင်တန်းကျောင်း၊ ဇီဝိတဒါနသံဃာ့ဆေးရုံနှင့် အခြား သာသနာရေး ဌာနများသို့ လှူဒါန်းငွေကျပ် ၃၆သိန်း စုစုပေါင်း အလှူငွေကျပ် ၅၆သိန်း ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ (က-ပ)

စဥ့်ကူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့တွင်းလမ်းများ ကတ္တရာလမ်းဖြစ်ရေး စီမံချက်အရ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် အကျယ် ၁၂ပေ၊ အရှည်ပေ ၁၃၅၀ ခွင့်ပြုငွေကျပ် ၆၀၀၀၀၀၀ဖြင့် ဆောင်ရွက်လျက်ရှိသောရုံးပေါင်းစုံလမ်းကတ္တရာခင်းခြင်း လုပ်ငန်းအား အမှုဆောင်အရာရှိ ဦးတင်အောင်သန်းနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးထွန်းလှအောင်တို့က အနီးကပ် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကြို့ပင်ကောက်မြို့ ဘိုးဘွားရိပ်သာအတွက် ခြံမြေလှူဒါန်း

ကြို့ပင်ကောက် မတ် ၂၈

ပဲခူးတိုင်း(အနောက်ပိုင်း) ကြို့ပင်ကောက်မြို့နယ် ဘိုးဘွားရိပ်သာ စောင့်ရှောက်ရေးအဖွဲ့အတွက် တန်ဖိုးငွေကျပ်သိန်း ၁၂၀ကျော်ရှိ နေအိမ်နှင့် ခြံမြေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို မတ်၂၁ရက် နံနက်က အရှေ့ဘုရားကြီးဝင်းရှိ တိုက်ကျောင်းဓမ္မာရုံတွင် ကျင်းပသည်။

ချီးမြှင့်

ထို့နောက် နိုင်ငံတော် သံဃနာယကအဖွဲ့ ဩဝါဒါစရိယ ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစက ကြို့ပင်ကောက်မြို့ တိုက်ကျောင်းပဓာန နာယက ဆရာတော်ဘဒ္ဒန္တနရိန္ဒာစာရက ငါးပါးသီလ ချီးမြှင့်တော်မူသည်။

ပေးအပ်

ထို့နောက် အလှူရှင် ရန်ကုန်မြို့ ပန်းလှိုင်ရပ်ကွက် အောက်ကြည့်မြင်တိုင်လမ်း ရွှေဂုံသူအိမ်ရာ အမှတ်(အေ-၁)နေ ဒေါ်မြင့်မြင့်သိန်း၊ ဦးကျော်ညွှန့်-ဒေါ်ခင်စန်းမြင့်မိသားစုတို့က နေအိမ်နှင့် ခြံမြေကွက်စာချုပ်စာတမ်းများကို ဘိုးဘွားရိပ်သာအဖွဲ့ နာယက မြို့နယ်ဥက္ကဋ္ဌ ဦးလှသိန်းထံ လွှဲပြောင်း ပေးအပ်သည်။**(အပေါ်ပုံ)**

ကျေးဇူးတင်စကားပြောကြား

မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် ဘိုးဘွားရိပ်သာစောင့်ရှောက်ရေးအဖွဲ့ နာယက ဗဟိုတရားရုံးချုပ်ရှေ့နေ ဦးအေးကျော်တို့ကကျေးဇူးတင်စကား ပြောကြားပြီး ဂုဏ်ပြုလွှာကို ပြန်လည်ပေးအပ်ကြသည်။ (ဝ၄ဝ)

ယာဉ်စည်းကမ်း အသိပညာပေး ဟောပြော

မကွေး မတ် ၅

မကွေးမြို့ မော်တော်ယာဉ် လိုင်းပေါင်းစုံထိန်းသိမ်းရေးအသင်းက ကြီးမှူးကျင်းပသည့် ယာဉ်မတော်တဆဖြစ်စဉ်များ လျော့နည်းပပျောက်ရေးပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ၁၅ရက်က အဆိုပါ အသင်းရုံးခန်းမတွင် ကျင်းပသည်။ **(အောက်ပုံ)**

ရှင်းလင်းဆွေးနွေး

အခမ်းအနားတွင် တိုင်းပို့ဆောင်ရေး စီမံကိန်းဦးစီးဌာနမှူး ဦးခင်မောင်မြင့်၊ တိုင်း ကုန်းလမ်း ပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှူး ဦးဘိုကြည်၊ ယာဉ်ထိန်း ရဲတပ်ဖွဲ့ ရဲအုပ်အောင်မြင့်စိုး၊ မထသ ဥက္ကဋ္ဌ ဦးအေးကို၊ မော်တော်ယာဉ် ဂိတ်စခန်း အသီးသီးမှ ယာဉ်ပိုင်ရှင်များ၊ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များ တက်ရောက်ခဲ့ကြပြီး ယာဉ်မတော်တဆမှုများ လျော့နည်း ပပျောက်စေရေးအတွက် တာဝန်ရှိသူများက ကဏ္ဍအလိုက် ရှင်းလင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကွင်းဆင်းကြည့်ရှုစစ်ဆေး

ကျောက်မဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မန်ခါ-မန်ကျောင်း-ဟဲပု ကျောက်ချောလမ်းခင်းခြင်းမှ မြောင်းတူးခြင်းလုပ်ငန်းဆောင်ရွက်မှုကို မတ်၁၀ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်း ကွင်းဆင်းကြည့်ရှု စစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

နတ်တလင်းမြို့ သင်္ကြန်တရားစခန်း

နတ်တလင်း မတ် ၂၁

ကြို့ပင်ကောက်မြို့နယ် တိုက်ကျောင်း ပါဠိတက္ကသိုလ်မှ သာသနဓဇ ဓမ္မာစရိယ ဝိနယဝိဒူ ဘဒ္ဒန္တကေသရ ဆရာတော် အရှင်သူမြတ်သည် ၁၃၆၉ခု တန်ခူးလဆန်း ၆ရက်မှ ၂၁ ရက်(ဧပြီ ၁၁ ရက်မှ ၁၇ ရက်)အထိ ခုနစ်ရက် တိုင်တိုင် နတ်တလင်းမြို့ မိုးကုတ် ဝိပဿနာဓမ္မရိပ်သာ အဖွဲ့ခွဲ အမှတ် ၂၁တွင် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (ဝ၄ဝ)

ချောက်မြို့နယ်တွင် စုပေါင်းသွေးလှူဒါန်း

ချောက် မတ် ၂၅

(၆၃)နှစ်မြောက်တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ချောက်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ကြီးကြပ်မှုဖြင့် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက် ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း ပင်မသိုလှောင်ဖြန့်ဖြူးရေး ဌာနကြီး(ဂ) အဆင့်မှ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များ၏ စုပေါင်းသွေးလှူဒါန်းပွဲနှင့် ကျပန်းစကားပြော ပြိုင်ပွဲများကို မတ် ၂၃ရက်က ယင်းဌာန မန်နေဂျာရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆုချီးမြှင့်

အခမ်းအနားသို့ ချောက်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးနေရှင်းနှင့် အလုပ်အမှုဆောင်များ၊ပင်မမန်နေဂျာ ဦးသန်းဝင်းနှင့် အရာထမ်း၊ အမှုထမ်းများ၊ မိသားစုဝင်များ စုစုပေါင်း အင်အား၁၂၀တို့ကမကွေးတိုင်းပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာနခွဲ တာဝန်ခံ ဆရာဝန်ကြီး ဒေါက်တာ ဒေါ်မြတ်သီရိနှင့်အဖွဲ့က သွေးများကို ဖောက်ယူ လက်ခံခဲ့ကြသည်။မွန်းလွဲပိုင်းတွင် ကျပန်းစကားပြောပြိုင်ပွဲကို ဆက်လက်ကျင်းပခဲ့ပြီး ဆုရရှိသူ များအား အတွင်းရေးမှူး ဦးနေရှင်းနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့် ပေးအပ်ကြသည်။ (က-ပ)

ကျောက်တန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း မတ်၂၂ရက်က ဦးစီးအရာရှိ ဒေါ်ဝင်းမာသန်းက လိုက်လံကြည့်ရှုစစ်ဆေးရာ ဒုတိယဦးစီးမှူး(အခွန်) ဒေါ်မြင့်အေးက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

အင်္ဂလိပ်စာသင်တန်းဖွင့်

ရမည်းသင်း မတ် ၁၉

ရမည်းသင်းမြို့နယ်လုံးဆိုင်ရာ ဩဝါဒါစရိယ ဆရာတော်ကြီးများ လမ်းညွှန်မှုဖြင့် ဗုဒ္ဓဘာသာယဉ်ကျေးမှုနှင့် အခြေခံအင်္ဂလိပ် သဒ္ဒါသင်တန်းအား စာချဓမ္မကထိက ဆရာတော် ခုနစ်ပါး ဦးဆောင်ကာ မတ်၇ရက်က ရမည်းသင်းမြို့ ရန်အောင်မြင်သာသနာ့ဗိမာန်တွင် ဖွင့်လှစ်သည်။ သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်ပြီး သင်တန်းသား ၂၅၀ တက်ရောက် သင်ကြားလျက်ရှိကြောင်း သိရသည်။ (၁၆၉)

ရေတာရှည် မယ်ဒက်ကယ်စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပမည်

ရေတာရှည် မတ် ၂၀

ရေတာရှည်မြို့ သမိုင်းဝင် မယ်ဒက်ကယ်စေတီတော်မြတ်ကြီး(ယာပုံ) ဗုဒ္ဓပူဇနီယပွဲတော်ကို ၁၃၆၉ခု တန်ခူးလဆန်း ၆ရက်မှ တန်ခူးလပြည့်နေ့အထိ ၁၀ရက်တိုင်တိုင် အသံမစဲ မဟာပဋ္ဌာန်းပူဇော်ပွဲ၊ ရွှေသင်္ကန်း ကပ်လှူပူဇော်ပွဲများနှင့် နှစ်စဉ်ကျင်းပမြဲအတိုင်း ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်နိုင်

ဈေးဆိုင်ရောင်းချလိုသူများ ရပ်ဝေး၊ ရပ်နီးမှ မိတ်ဆွေများ၊ အလှူရှင်များသည် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြတ်ဟန် (ပန်းကမ္ဘာ) စတိုး၊ ဒုတိယဥက္ကဋ္ဌ ဦးကြည်၊ အတွင်းရေးမှူး ဦးအေးငွေတို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။

(က-ပ)

ဈေးမသွယ်-စခန်းကြီးလမ်း (ဂဝံလမ်းသစ်) ဖွင့်ပွဲအခမ်းအနားကျင်းပ

သထုံ မတ် ၂၃

(၆၃)ကြိမ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ၂၀၀၇-၂၀၀၈ ပညာသင်နှစ်အတွင်း သထုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သည့် ဈေးမသွယ်-စခန်းကြီးလမ်း (ဂဝံလမ်းသစ်)ဖွင့်ပွဲအခမ်းအနားကို မတ်၂၀ရက်က ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် သထုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်ကိုက လမ်းနှင့် ပတ်သက်၍ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများအား ရှင်းလင်းတင်ပြပြီး မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးသက်ဦးရှိန်၊ သထုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ခရိုင်ရဲတပ်ဖွဲ့မှူး ဦးသိန်းသန်းနှင့် သထုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်ကိုတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

(အောက်ပုံ) (မြို့နယ်စည်ပင်)

ပေးအပ်လှူဒါန်း

လန်ဒန်မြို့ မိုးကုတ်ဝိပဿနာ ရိပ်သာကျောင်းတော်ကြီးဖြစ်မြောက်ရေး ကော်မတီ(ရွှေသီဂီရတနာ) ဓမ္မာရုံ အမှတ် ၉၈ ရွှေဘုံသာလမ်း ပန်းဘဲတန်း မြို့နယ်သို့ မွေးနေ့အလှူအဖြစ် အရိုးကုန်းလမ်းကျယ်၊ ကျောက်မြောင်း တာမွေ မြို့နယ်နေ ဦးအောင်သော်-ဒေါ်စန္ဒာမိသားစုက ငွေကျပ်တစ်သိန်းလှူဒါန်းရာ ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇဦးကျော်ခင်မြင့် လက်ခံယူစဉ်။ (က-ပ)

ရေပေးရေးနှင့် ပန်းအလှပင်စိုက်ပျိုးမှု ဆောင်ရွက်

မိတ္ထီလာ ဖေဖော်ဝါရီ ၂၈

မန္တလေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုးသည် ဖေဖော်ဝါရီ ၂၃ရက်က မိတ္ထီလာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၇-၂၀၀၈ဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ပြီးသော မဟာစည်မြို့ ရေဖြန့်ဝေပေးခြင်းလုပ်ငန်းမှ ရေရှားပါးသည့် အောင်ဇေယျာရပ်ကွက်သို့ ရေဖြန့်ဝေပေးနေမှု၊ အများသုံးရေကန်များမှ ရေရယူသုံးစွဲမှုနှင့် မဟာစည်ရေပေးရေး ဆက်လက်တိုးချဲ့ဆောင်ရွက်မည့် အစီအစဉ်များကိုလည်းကောင်း၊ အဖွဲ့ပိုင်ပျိုးခြံအတွင်း ပန်းအလှပင်များ ပျိုးထောင်ထားရှိမှု၊ ပန်းခြံကလေးကစားကွင်း သာယာလှပရေးဆောင်ရွက်မှုတို့ကိုလည်းကောင်း ကွင်းဆင်းကြည့်ရှု စစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က လုပ်ငန်း ဆောင်ရွက်မှုကို လိုက်လံရှင်းလင်း တင်ပြကြသည်။ **(အောက်ပုံ)**

(မြို့နယ်စည်ပင်)

မုဒုံ သာယာကုန်း မဟာစည်သာသနာ့ရိပ်သာ ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်းဖွင့်မည်

မုဒုံ မတ် ၁၅

မွန်ပြည်နယ် မုဒုံမြို့နယ် ဖားအောက်၊ ရိုးဂိုး၊ သာယာကုန်း၊ တာပသွန်၊ မဟာစည်သာသနာ့ရိပ်သာ၌ (၁၅)ကြိမ်မြောက် စုပေါင်းဒုလ္လဘ ရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ် အလှူတော်မင်္ဂလာနှင့် ဗုဒ္ဓဘာသာယဉ်ကျေး မှုအခြေပြု သင်တန်းကို ၁၃၆၉ ခုနှစ် တပေါင်းလပြည့်ကျော် ၁၂ရက် (ဧပြီ ၂) ဗုဒ္ဓဟူးနေ့တွင် ဆံချပရိတ်တရားတော်နာယူမည် ဖြစ်သည်။

စာရင်းလက်ခံရက်မှာ (၁၃၆၉ ခုနှစ် တပေါင်းလပြည့်ကျော် ၈ရက်) မတ် ၂၉ရက်အထိ ဖြစ်သည်။ သင်တန်းတက်ရောက်လိုသူများ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း နှိုးဆော်ထားသည်။

ဆက်သွယ်လှူဒါန်းနိုင်

ဆက်သွယ်လှူဒါန်းလိုပါက ဘဒ္ဒန္တဝိစာရိန္ဒ သာယာကုန်း ဆရာတော် ဖုန်း-၀၉-၅၁-၆၆၇၉၃၊ ဒေါ်ရီရီခင် အောက်လမ်းမကြီး မော်လမြိုင်မြို့ ဖုန်း-၂၄၆၆၁၊ ၂၄၄၇၆၊ ဒေါ်ရင်စု အပေါ်ဈေး မော်လမြိုင်မြို့ ဖုန်း-၂၅၁၈၄နှင့် ဒေါ်ငြိမ်းရန် မော်လမြိုင်မြို့ မရမ်းကုန်း ဖုန်း-၂၁၁၀၂ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)

ကြို့ပင်ကောက် သကြိန်တွင်း တရားစခန်း

ကြို့ပင်ကောက် မတ် ၂၃

ကြို့ပင်ကောက်မြို့ ဗောဓိရိပ်သာကျောင်းတိုက်တွင် ၁၃၆၉ခု တန်ခူးလဆန်း ၆ရက်မှ ၁၂ရက် (ဧပြီ ၁၁ရက်မှ ၁၇ရက်)အထိ ခုနစ်ရက် တိုင်တိုင် ကျေးဇူးရှင်အဂ္ဂမဟာပဏ္ဍိတ(ပြည်တွင်း၊ ပြည်ပ) သာသနာပြု ဘဒ္ဒန္တ သောနက ဆရာတော်ကြီးကိုယ်တိုင် ဝိပဿနာ သတိပဋ္ဌာန်အလုပ်ပေးတရား ဟောကြား ပြသမည်ဖြစ်ရာ တရားစခန်းဝင်ရောက်လိုသော ယောဂီများသည် ၁၃၆၉ခုနှစ် တန်ခူးလဆန်း ၆ရက်(ဧပြီ ၁၁ရက်) မွန်းလွဲ ၁နာရီ အရောက် တရားစခန်းသို့ ဝင်ရောက်ရမည် ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

ဒုလ္လဘဝတ်လိုသော အမျိုးသား၊ အမျိုးသမီးများသည် တပေါင်းလကွယ်နေ့ (ဧပြီ ၅ရက်) နောက်ဆုံးထား၍ စာရင်းပေးသွင်းကြရမည် ဖြစ်သည်။ အသေးစိတ်သိရှိလိုပါက ကြို့ပင်ကောက်မြို့ ဖုန်း- ၀၅၃-၅၀၀၅၁နှင့် ရန်ကုန်မြို့ ဖုန်း- ၀၁- ၂၁၂၅၄၅တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(ဝ၄ဝ)**

မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများဆောင်ရွက်

နောင်ချို မတ် ၁၅

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် နောင်ချိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးအကျိုးတော်ဆောင်အဖွဲ့များ ပူးပေါင်း၍ အဖွဲ့ပိုင် မြို့မဈေးကြီး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မီးလောင်စေသည့် ပစ္စည်းများထားရှိခြင်း၊ ဈေးအတွင်း လောင်စာဆီများရောင်းချခြင်း မပြုရန်၊ ဈေးဆိုင်ခန်းများတွင် မီးသတ်ဆေးဘူးများထားရှိရန်၊ မီးငြိမ်းသတ်ရာတွင် အလွယ်တကူအသုံးပြုနိုင်ရန်အတွက် မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေပုံး၊ သဲပုံး အဆင်သင့်ရှိနေစေရန်နှင့် မီးသတ်ရေကန်ရေဖြည့်ခြင်း၊ မီးသတ်ကား အလွယ်တကူ ဝင်ထွက်သွားလာနိုင်ရေး မိန်းလမ်းမကြီးအား ရှင်းလင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မန္တလေးအောင်မြေသာစံ အရန်မီးသတ်တပ်ဖွဲ့ စည်းဝေး

မန္တလေး မတ် ၁၉

မန္တလေးအောင်မြေသာစံမြို့နယ် အရန်မီးသတ်တပ်ဖွဲ့လုပ်ငန်းဆိုင်ရာ အစည်းအဝေးကို မတ် ၇ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ တပ်ရင်းမှူး မြို့နယ်ရဲမှူး ဦးမင်းဟန်၊ ဒုတိယတပ်ရင်းမှူး ဦးလှမောင်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်သူနှင့် ရပ်ကွက်များမှ တပ်စုမှူးများ တက်ရောက်ကြသည်။ (ယာပုံ)

ထို့နောက် မြို့နယ် မီးသတ်ဦးစီးမှူးက မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ကွင်းဆင်းဆောင်ရွက်ထားမှု၊ မီးသတ်ယာဉ်များ တောင့်တင်းခိုင်မာမှု အခြေအနေနှင့်တပ်ဖွဲ့ဝင်များ၏လုပ်ငန်းဆောင်ရွက်ထားမှုများကို စစ်ဆေးခဲ့သည်။

ဆွေးနွေးခဲ့

ဆက်လက်၍ တက်ရောက်လာသော ဒုတိယတပ်ရင်းမှူး ဦးလှမောင်နှင့် တပ်ခွဲမှူးများ၊ ဒုတိယတပ်ခွဲမှူးများ၊ တပ်စုမှူးများက ရပ်ကွက်အလိုက် စီစဉ်ဆောင်ရွက်ထားမှုများကိုတင်ပြကြရာတပ်ရင်းမှူးနှင့် မြို့နယ် မီးသတ်ဦးစီးမှူးတို့က ပြန်လည်ဆွေးနွေးခဲ့ကြသည်။ **(ဝ၉ဝ)**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကျေးလက်လမ်းပြုပြင်ရေးအတွက် ဘိလပ်မြေအိတ်များ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၉ရက်က မြိတ်ခရိုင် ပလောက်မြို့နယ် ခန္တီကျေးရွာ တွဲဖက်အလယ်တန်းကျောင်းခန်းမ၌ ကျင်းပရာ မြိတ်ခရိုင်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါက်တာကျော်ဆန်းက ဘိလပ်မြေအိတ် ၂၀၀ ကိုပေးအပ်လှူဒါန်းရာ ခန္တီကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှဦးက လက်ခံယူစဉ်။

(မြို့နယ် ပြန်/ဆက်)

ပြည်သူ့ဆန္ဒသဘောထား

★ တည်ငြိမ်မှုကို လိုလားသည်

★ အေးချမ်းမှုကို လိုလားသည်

★ ဆူပူအကြမ်းဖက်မှုကို မလိုလား

(၆၃)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု

နေပြည်တော် ပျဉ်းမနား ရွာတော်အဆင့်မြင့်ဈေးသစ်ဖွင့်

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးထွန်းကြည်နှင့် ရွာတော် အဆင့်မြင့်ဈေး တည်ဆောက်ရေး ကော်မတီ ဥက္ကဋ္ဌ ဦးသာဌေးတို့ နေပြည်တော် ပျဉ်းမနား ရွာတော် အဆင့်မြင့် ဈေးသစ်ကြီးကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေး ကြစဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၂၆

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် နေပြည်တော် ပျဉ်းမနား ရွာတော်အဆင့်မြင့်ဈေးသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါဈေးရှေ့၌ ကျင်းပရာ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် တက်ရောက်ဖွင့်လှစ်ပေး သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အစီအစဉ်အရ မင်္ဂလာအချိန် နံနက် ၉ နာရီ ၄၅ မိနစ်တွင် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဦးထွန်းကြည်နှင့် ရွာတော်အဆင့်မြင့်ဈေး တည်ဆောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသာဌေးတို့က အဆင့်မြင့်ဈေးသစ်ကြီးကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။

စာမျက်နှာ ၈ ကော်လံ ၆ ✳

(၆၃)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု ရောင်စုံအချပ်ပို လေးမျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် (၆၃)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု အထူးထုတ် ရောင်စုံအချပ်ပို လေးမျက်နှာ ပူးတွဲပါရှိပါသည်။

နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ စုပေါင်းစွမ်းပကားဖြင့် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ ဆက်လက်လက်တွဲချီတက်ကြမည်

❐ **ယနေ့ကာလဟာ ယခင်ကာလများကထက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍအသီးသီးမှာ ဖွံ့ဖြိုးတိုးတက်မှုတွေ မြင့်မားလာတယ်ဆိုတာ မျက်မြင်ကိုယ်တွေ့ပဲဖြစ်ပါတယ်။ ဒီကဏ္ဍအသီးသီးက ဖွံ့ဖြိုးတိုးတက်မှုတွေ ရေရှည်တည်တံ့ဖို့၊ ပိုမိုဖွံ့ဖြိုးတိုးတက်ဖို့အတွက် စောင့်ရှောက်ကာကွယ်ရမှာက ယနေ့ကာလ မြန်မာ့တပ်မတော်ရဲ့ သမိုင်းပေးတာဝန်ပဲဖြစ်ပါတယ်။** (မြင့်ဝေလှိုင်၏ဆောင်းပါး(အထူးထုတ်-ဃ၊ ခ၊ ဂ))

မြန်မာ့အလင်း (၆၃)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု

❐ **တပ်မတော်နေ့ သန္နိဋ္ဌာန်** (ဒေါက်တာရွှေပြည်စိုး၏ ကဗျာ (စာ-၃))

❐ **နိုင်ငံတော်နှင့် ပြည်သူ့အကျိုးအတွက်** (မင်းဦး(ဒဿန)၏ ကာတွန်း (စာ-၃))

❐ **တပ်မတော်အစိုးရလက်ထက် ဖွံ့ဖြိုးတိုးတက်လာသော ဆက်သွယ်ရေးကဏ္ဍ** (စာ-၇)

❐ **တိုင်းပြည်အတွက် ယုံကြည်ချက်ဖြင့် ခရီးဆက်မည့်တပ်မတော်** (မြင်းမူမောင်နိုင်မိုး၏ ကဗျာ(အထူးထုတ်-ဂ))